


စိတ်ကူးချိုချိုအနုပညာ

# ဂျာနယ်ကျော်မမလေး

# တွေးတစိမ့်စိမ့်

ဝတ္ထုတိုများ

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း၊

mgyoe.com



ဂျာနယ်ကျော်မမလေး

# တွေးတစိမ့်စိမ့်

MML0015
2,800.00KS

mgyoe.com

တွေးတာစိမ့်စိမ့်၊ ဂျာနယ်ကျော်မမလေး
မျက်နှာဖုံးပန်းချီ-ကိုကိုအောင်၊ စာမျက်နှာ ၂၄၄+မျက်နှာ၊၁၂ •၈စင်တီ× ၁၈ •၅စင်တီ

ထုတ်ဝေသူ - ဦးစန်ဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇန်နဝါရီလ၊ စတုတ္ထအကြိမ်ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၂၀၀၂ ပြည့်နှစ် သီဟရတနာစာပေ၏တတိယအကြိမ်မှ။

ရောင်းဈေး ၂၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# တွေးတာစိမ့်စိမ့်

ဂျာနယ်ကျော်မမလေး

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– ဇော်ဂျီ၏နိဒါန်း ... က

– စာရေးသူ၏ အမှာ ... င

၁။ တွေးတစိမ့်စိမ့် ... ၁

၂။ လှတစ်မျက်နှာ ... ၄၉

၃။ သံသရာဘေး ... ၇၁

၄။ ခေမာရီ ... ၁၀၂

၅။ အဝယ်နှင့်အလျော် ... ၁၃၇

၆။ သည်အပူ ... ၁၇၇

၇။ အားမကျပေါင်ရှင် ... ၂၁၂

၈။ ကာဖီ ... ၂၂၈


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဇော်ဂျီ၏နိဒါန်း

ရသစာပေ၏ ရည်ရွယ်ချက်သည် ပရိသတ်အား နှစ်သက်သာယာ ခြင်းရသကို ပေးရန် ဖြစ်လေသည်။ တစ်ဖန် ရသကိုပေးရန် အားထုတ် ကြရာတွင် စာရေးဆရာအချို့သည် ရသသက်သက်ကိုသာ ပေးနိုင်ကြ သည်။ ပေးလိုကြသည်။ အချို့လည်း ဘဝအမြင်အသိသတိ အာနိသင် ကိုပါ အာရုံပြုစေနိုင်သော အာနိသင်ရသကို ပေးနိုင်ကြသည်။ ပေးလို ကြသည်။ ထို့ကြောင့် ရသစာပေကို နှစ်မျိုးခွဲ၍ ရသည်ဟု ထင်ပါ သည်။ တစ်မျိုးသည် ရသသက်သက်စာမျိုး၊ (ဝါ) အပျင်းဖြေ စာငယ် ဖြစ်နိုင်သည်။ ကျန်တစ်မျိုးသည် အာနိသင်ရသစာပေမျိုး၊ (ဝါ) ဘဝမြင် စာကြီးဖြစ်နိုင်သည်။ သို့ရာတွင် စာပေဟူသည် ကိုင်၍ တွယ်၍ ရသော ဝတ္ထုပစ္စည်း မဟုတ်သဖြင့် တိတိကျကျ ခွဲ၍ ဆောင်ခတ်နိုင်သည် မဟုတ်ချေ။ အပျင်းဖြေဖတ်ဖို့အားသန်လျှင် စာငယ်ဟူ၍လည်းကောင်း၊ ဘဝအမြင်ဘက်သို့ အားသန်လျှင် စာကြီးဟူ၍လည်းကောင်း ထိုသို့သာ လျှင် ခွဲကြည့်ရခြင်းဖြစ်သည်ကို သတိပြုအပ်ပါသည်။

မြန်မာစာပေလောကတွင် ကာလပေါ် ဝတ္ထုတိုအရေးအသား ပေါ်ခဲ့သည်မှာ အနှစ်ငါးဆယ်ခန့်လောက်သာ ရှိသေးလေသည်။ သို့ရာ

mgyoe.com

mgyoe.com



တွင် ထိုအနှစ်ငါးဆယ်ခန့်လောက်အတွင်း၌ စာကြီးပိုင်းသို့ ဝင်နိုင်သည် ဟုဆိုအပ်သော ကာလပေါ် မြန်မာဝတ္ထုတို အရေအတွက်သည် များ သည်ဟု မဆိုသာသေးသော်လည်း မြန်မာစာပေလောက၌ အမြစ်တွယ် နိုင်လောက်အောင်ကား အားရှိလာပြီဟု ဆိုချင်ပါသည်။ စင်စစ်မှာ အမြစ်တွယ်နေကြပါပြီ။

ဤစာစောင်တွင် ဝတ္ထုတိုဆရာ ဂျာနယ်ကျော်မမလေးရွေးသော ဝတ္ထုတိုကိုးပုဒ် ပါရှိပါသည်။ ထိုဝတ္ထုတိုတို့သည် မဂ္ဂဇင်းကြီးများ၌ ပါပြီးသားဖြစ်ရာ ယခုအခါ တစုတပေါင်းပြု၍ ပြန်လည်ပုံနှိပ်ခြင်း ဖြစ်သည်။

ထိုဝတ္ထုတိုကိုးပုဒ်ကို စာကြီး၌သွင်းလျှင်ရသည်ဟု ထင်ပါသည်။ ပုံသဏ္ဌာန်အရာတွင် ထိုဝတ္ထုတိုတို့ကို သူ့အလှနှင့်သူ တည်ရှိနေသည် ဟု ယူဆသဖြင့် အကျယ်မချဲ့လိုပြီး ကြောင်းခြင်းရာလောက်ကိုသာလျှင် ပရိသတ်အား မိတ်ဆက်ပေးလိုပါသည်။ ထိုဝတ္ထုတိုတို့ကို ဖတ်ကြည့် လျှင်၊ လူငယ်လူရွယ်တို့၏ချစ်ကိစ္စကို မတွေ့ရ။ လူကြီး၊ လူလတ်၊ ယောကျ်ား၊ မိန်းမတို့၏ ဘဝအထွေထွေကိစ္စကိုသာ တွေ့ကြရပေလိမ့် မည်။ တစ်ဖန် ဝတ္ထုတိုဆရာသည် မြန်မာအမျိုးသမီးဖြစ်ရာ မြန်မာအမျိုး သမီးတစ်ဦး ကြည့်တတ်၊ မြင်တတ်သော မြန်မာအမျိုးသမီးတို့၏ အိမ်မှု အိမ်ရေး၊ လင်ရေး သားရေး အမှုအရာတို့ကို အသားပေးထားသည်ကို လည်း တွေ့ကြရပေလိမ့်မည်။ တစ်ဖန် ထိုအမှုအရာတို့တွင် ဘဝအဆွေး ကွက်တို့ကိုသာ (ဝါ) ဆွေးစရာကောင်းသော ဘဝအကွက်တို့ကိုသာ ဖော်ထားသည်ကိုလည်း တွေ့ကြရပေလိမ့်မည်။ ဝတ္ထုတိုဆရာသည် မြန်မာ့လောကတွင် တရားပျက်နေသော အစိတ်အပိုင်းကို သူမြင် သလောက်တင်ပြ၍ စာဖတ်ပရိသတ်အား သတိပြုစေလိုသော သူ့ဆန္ဒ ကြောင့် ဖြစ်နိုင်သည်ဟု ယူဆမိသည်။ ဝတ္ထုတိုတို့ကို တစ်ပုဒ်စီ

mgyoe.com

mgyoe.com



စိစစ်ကြည့်လျှင် ဤသို့ တွေ့နိုင်ပါသည်။

"မြက်ကလေးတစ်ပင်" တွင် ကိုယ်ချင်းစာတရား ခေါင်းပါးလှသော အိမ်ရှင်မကြောင့် ကံမကောင်း အကြောင်းမလှ ဒုက္ခတွေ့ရှာသော အိမ်စေကလေးမ၏ ကြေကွဲဖွယ်ရာအဖြစ်ကို ဖွဲ့ခဲ့သည်။ "လှတစ်မျက်နှာ" တွင် မျက်နှာလှဖို့၊ ပေါ်ကြော့နေဖို့သာ အားထုတ်နေသော မယား၏ အညံ့အဖျင်းကိုလည်းကောင်း၊ ကိုယ်ကျိုးရှာလင်၏ အညံ့အဖျင်းကိုလည်းကောင်း သရော်ခဲ့သည်။ "သံသရာဆေး"တွင် ဒုလ္လဘရဟန်းဘဝမှ ဘယာကြောင့် မထွက်ချင်ဖြစ်နေရာမှ မယားနှစ်ယောက်နေခဲ့သော ပစ္စည်းလေးပါးဒါယကာကြောင့် ရဟန်းဘဝ၌ပင် မြဲအောင်အားထုတ်သော ရုံးစာရေး၏အဖြစ်ကို ပြောပြခဲ့သည်။ "ခေမာရီ"တွင် ဘဝလှိုင်းလုံး၏ အပုတ်ကို မခံလိုသဖြင့် လွတ်ရာ ကျွတ်ရာ၌ နေချင်ပါသော်လည်း ဘဝလှိုင်းလုံးဒဏ်ကို ရှောင်၍မရခဲ့သော သီလရှင်၏ ဒုက္ခကို ဖွဲ့ခဲ့သည်။ "တွေးတစိမ့်စိမ့်"တွင် အငယ်အနှောင်းယူသော လင်ကြောင့်လည်းကောင်း၊ အငယ်အနှောင်းယူသောသမက်ကြောင့်လည်းကောင်း သမီးဒုက္ခ၊ မြေးဒုက္ခတို့ကို ကုန်း၍ခံနေသော အမျိုးသမီးကြီး၏အဖြစ်ကို ဖွဲ့ခဲ့သည်။ "အဝယ်နှင့်အလျော်" တွင် အဂတိလိုက်စားကြသော ပြည်သူ့ဝန်ထမ်းအချို့၏ အမူအရာတို့ကို တင်ပြခဲ့သည်။ "သည်အပူ" တွင် အိမ်စေမကို မယားလုပ်သော မုဆိုးဖိုဖခင်ကြောင့် သောက ဒေါမနဿ ဖြစ်ရသော သမီးအပျိုကြီး၏ဒုက္ခကို ဖွဲ့ခဲ့သည်။ "အားမကျပေါင်ရှင်" တွင် မိန်းမပျင်း၊ မိန်းမဖျင်း အမူအရာတို့ကို တင်ပြခဲ့သည်။ "ကာဖိ" တွင် ကြိတ်၍ ခံလိုက်ရသော သူဆင်းရဲမ အဘွားအို၏ အဖြစ်ကို ဖွဲ့ခဲ့သည်။ ဝတ္ထုတိုများတွင် ဒုက္ခသည် ဇာတ်လိုက်တို့ကို အဖွဲ့ကောင်းသလောက် ကုန်းရုပ်ဇာတ်လိုက်တို့ကိုလည်း အဖွဲ့ကောင်းပေသည်။ ဝတ္ထုတို ဆရာ၌ ကြားတတ်

mgyoe.com

mgyoe.com



မြင်တတ်သော နား မျက်စိရှိသောကြောင့်သာမက သနားတတ်သော ကရုဏာစေတနာကြောင့်လည်းကောင်း၊ အကောင်း အဆိုး၊ အကျိုး အပြစ်ခွဲတတ်သောဉာဏ်ရှိသောကြောင့်လည်းကောင်း ဖြစ်သည်ဟု ယူဆပါသည်။

ဂျာနယ်ကျော်မမလေးသည် မြန်မာအမျိုးသမီးလောက ခံစားနေရသော လူမှုဝေဒနာတို့၏သဘာဝကို တင်ပြခဲ့ပြီး ထိုဝေဒနာတို့နှင့် သင့်သော ဆေးသည် အဘယ်မှာနည်း။ မည်သူတို့သည် ကုစားနိုင်ကြမည်နည်း။ တစ်မိနစ်လောက်မျှ ကိုယ်ရှိန်သတ်၍ ဆင်ခြင်ကြည့်နိုင်ကြလျှင် အဖြေတွေ့မည်လားမသိ။ ဆင်ခြင်ကြည့်ကြပါကုန်။

* * *

mgyoe.com

mgyoe.com

# စာရေးသူအမှာ

စစ်ပြီးခေတ် ၁၉၄၈ ခုနှစ်တွင် ကျွန်မ ရေးခဲ့သော ဝတ္ထုတိုများကို ရွေးချယ်စုပေါင်းလျက် ရှုမငြီးအမည်ဖြင့် ဝတ္ထုတိုပေါင်းချုပ် ပထမ အကြိမ် ထုတ်ဝေခဲ့သည်။ ရှုမငြီးတွင် ပါဝင်သော ဝတ္ထုများမှာ အေးအေး၊ မိခွေး၊ ဗာဟီရ၊ အခု အမျိုးသားနေ့၊ တရားပုလိပ်စောင့်၊ မိန်းမပီပီ၊ သည်ဆောင်း၊ မာမရှိန်း၊ သည်မိုးတို့ ဖြစ်ကြသည်။

ယခု တွေးတစိမ့်စိမ့် ဝတ္ထုပေါင်းချုပ်တွင် ရှုမငြီး ထုတ်ပြီး နောက်ပိုင်း၌ ရေးသားခဲ့သော ဝတ္ထုတိုများကို ရွေးချယ်စိစစ်၍ ဒုတိယ အကြိမ်မြောက် စုပေါင်းထုတ်ဝေခြင်း ဖြစ်ပေသည်။ ကျန်ဝတ္ထုတိုများ ကိုလည်း တတိယအကြိမ်မြောက် စုပေါင်းထုတ်ဝေရန် အစီအစဉ်ရှိ သည်။

တွေးတစိမ့်စိမ့် တွင် ပါဝင်သော မြက်ကလေးတစ်ပင်၊ လှတစ် မျက်နှာ၊ သံသရာဘေး၊ ခေမာရီ၊ တွေးတစိမ့်စိမ့်၊ အဝယ်နှင့် အလျော်၊ သည်အပူ၊ အားမကျပေါင်ရှင်၊ ကာဖိဝတ္ထုတိုများသည် များသော အားဖြင့် အာရုံတစ်ခုခုကို မြင်ရကြားရ၊ သိရသည့်အခါတွင် ခံစားမှု တစ်ခုခု ဖြစ်ပေါ်တတ်သည့်အတိုင်း စိတ်လှုပ်ရှားမှု၊ စိတ်၏ခံစားမှု

mgyoe.com

mgyoe.com



ဖြစ်ပေါ်လာသည့်အခါမျိုး၌ စိတ်ချမ်းသာသော ခံစားမှုကြောင့်ဖြစ်စေ၊ စိတ်ဆင်းရဲသောခံစားမှုကြောင့်ဖြစ်စေ၊ ဝမ်းမြောက်ခြင်းကြောင့်၊ ဝမ်းနည်းခြင်းကြောင့်၊ နှစ်သက်ခြင်းကြောင့်၊ မနှစ်သက်ခြင်းကြောင့်၊ ကရုဏာ ဖြစ်ခြင်းကြောင့်၊ စက်ဆုပ်ခြင်းကြောင့် စသည် ခံစားမှုတစ်ခုခု၊ ဘဝအသိအမြင် တစ်ခုခုကို ရသွားသလို ဖြစ်ရာမှ ပေါ်ပေါက်လာသော ဝတ္ထုတိုများ ဖြစ်ကြသည်။

ဤဝတ္ထုတိုများကို ရေးခဲ့စဉ်အခါက ပုဂ္ဂလဓိဋ္ဌာန်ကို ဓမ္မဓိဋ္ဌာန်ဖြစ်လာအောင် ကျွန်မ အတော်အားထုတ်ရေးသားခဲ့ရသည်။ ဘဝအသိအမြင် လူ့သဘာဝနှင့် ဘဝစိတ်ကို ပုံဖော်ရေးသားသည့်နေရာ၌ သတိတရားရှေ့ဆောင်လျက် အထိန်းအချုပ်နှင့် ရွေးရှုပြီး ရေးခဲ့လေသည်။

သူတစ်ပါး၏ အကျိုးအကြောင်း၊ သူတစ်ပါး၏ အဖြစ်အပျက်၊ သူတစ်ပါး၏ ကိစ္စအဝဝကို သတိထားတတ်လာလျှင် ထိုသို့ သတိထားလာတတ်သည့်အခါကျမှ မိမိအကျိုးအကြောင်း၊ မိမိအဖြစ်အပျက်၊ မိမိကိစ္စအဝဝကို သတိထားတတ်မှု ရှိစေနိုင်သည့်အတွက် စာဖတ်သူများသည် သည်ဝတ္ထုတိုများကို ဖတ်ရှုပြီး လူ့သဘာဝ၊ လောကကြီး၏ သဘာဝကို ပင်ကိုဉာဏ်ဖြင့် ထိုးထွင်း၍ ဆင်ခြင်သုံးသပ် သတိထားမိပါစေရန် စေတနာ လှုံ့ဆော်ရာမှ မေတ္တာအခြေခံနှင့် ရေးခဲ့ခြင်း ဖြစ်ပါသည်။

ဂျာနယ်ကျော်မမလေး

၂၇-၉-၆၃

❑

mgyoe.com

mgyoe.com

# တွေးတစိမ့်စိမ့်

ဒေါ်သိန်းမိသည် သက်မကြီးချလိုက်သည်။

သူ့ရင်ထဲတွင် သက်သာရာလေးရလို့ရငြား ဟင်းခနဲ သက်ပြင်းကြီးချလိုက်ရာ ရင်ထဲ၌ကား မောနေလေ၏။ မလှုပ်ချင် မရှားချင်အောင် ဖြစ်နေသော ခြေတို့လက်တို့ကို ယခုမှပဲ အနားပေးရပေသည်။

ဒေါ်သိန်းမိသည် ပက်လက်ကုလားထိုင်ပေါ်၌ ခြေပစ်လက်ပစ်ကြီးထိုင်ကာ ဟင်းချလိုက်ပြီး မောရပုံမှာ ညစဉ်ညတိုင်း ဖြစ်တော့၏။

ရင်ထဲ၌ ဖုတ်လှိုက်ဖုတ်လှိုက်မောနေရင်း "ဒီကနေ့ အမောဆုံးပဲ" ဟု မှတ်ချက်ချသည်။

အိမ်တွင် ရေမရှိချေ။ နေ့လယ်က လမ်းထောင့် ဘုံဘိုင်မှ သံစည်ကြီးနှစ်လုံးပြည့်အောင် ရေဆွဲထည့်ရ၍ ခြေကုန်လက်ပန်းကျခဲ့သည်။ ရေထည့်ပြီး အဝတ်ဟောင်းတွေ တစ်ပုံကြီး ထိုင်လျှော်သည်။ အဝတ်တွေကို ကြိုးတန်း၌ အရေအတွက်နှင့် လှမ်းသွားလေရာ ခုနစ်ဆယ့်ငါးထည်ရှိ၍ ဟိုက်သွားတော့သည်။

ပက်လက်ကုလားထိုင်ပေါ်၌ ဒေါ်သိန်းမိ၏ခေါင်းသည် ဘယ်ပြန်ညာပြန် လူးနေလေသည်။ အသက်ကို မချိမဆံ့ရှူနေရကာ စိတ်ထဲ၌

mgyoe.com

mgyoe.com


အတောမသတ် ကျိတ်ညည်းလျက်နေလေသည်။

ဒီအသက်အရွယ်ကြီးရောက်မှ ငါ့လောက်ဒုက္ခကြီးတာမျိုးများ ရှိသေးရဲ့လား . . .။

ဒေါ်သိန်းမိ၏ အသက်မှာ "၆၁" နှစ် ဖြစ်သည်။ သူ့ဒုက္ခကား တစ်နေ့လုံး နေထွက်က နေဝင် ဖင်မချနိုင်အောင် နားကွက်မရှိဘဲ ထမ်းရွက်ရသော အိမ်ထောင့်တာဝန်ကြီး ဖြစ်လေသည်။

နံနက် ၄ နာရီ၌ အိပ်ရာမှထလာကာ မီးဖိုထဲသို့ တန်းဝင်သွားလေ၏။ မီးမွေး ရေနွေးအိုးတည်ပြီးတာနှင့် မျက်နှာသစ်သော၊ တပိုတပါး ထွက်သော ကိစ္စများကို ခပ်သုတ်သုတ်လုပ်ရသည်။ အပု၊ ထွတ်နီနှင့် ပူတူးမတို့ ညကစို့ထားကြသော နို့ပုလင်းတွေကို ဆေးကြောရင်း ကိုရွှေမင်းသားက သန်းခေါင်ကျော်မှ အိမ်ပြန်ကာ ညစာစားထားသော ထမင်းဟင်းပန်းကန်အပေအရေများကို ဆက်လက်ဆေးကြော သိမ်းဆည်းလျက် ရေနွေးအိုးကျ၊ ထမင်းအိုးကောက်ဆေးတည်လေသည်။ တစ်အိမ်လုံးအတွက် ကော်ဖီဖျော်ရ၏။ ကော်ဖီပန်းကန်တစ်လုံးကို ဘယ်လက်က ကိုင်မှုတ်သောက်ကာ ညာလက်က ငရုတ်သီးထောင်းလေ၏။

ထမင်းအိုး မီးဖိုပေါ်မှ မချသေးသည့် အချိန်အတောအတွင်း ငရုတ်သီးတစ်ဆုံထောင်း၊ ဆွမ်းတော်ဗန်းပြင်၊ ကလေးငယ်များ ထကြလျှင် သောက်ကြရန် နို့ပုလင်းများ ဖျော်ထည့်ပြီးမှ ထမင်းအိုးကို ချနှပ်ခဲ့ကာ သမီးအိပ်နေသောအခန်းဝမှ အသံပြုလျက် နံနက်ဈေးသို့ သုတ်ခြေတင်ပြေးသွားလေ၏။

နံနက် ၈ နာရီ၌ ကျောင်းတက်ကြမည့် အပါ၊ အမာနှင့် အပုတို့ကို ကျောင်းအရောက် လိုက်ပို့ရဦးမည်ဖြစ်သောကြောင့် ဈေးကအပြန် မီးဖိုထဲ၌ သေပြေးရှင်ပြေး ချက်ပြုတ်ပြီး ကလေးတွေကို ထမင်းကျွေးရလေ

mgyoe.com

mgyoe.com


၏။ ကျောင်းသွားမည့် ကလေးသုံးယောက်အနက် အမာနှင့်အပုအငယ် နှစ်ယောက်ကို လက်ဆွဲကာ ကျောင်းချိန်မီအောင် ပြေးပို့ပြီးနောက် အိမ်သို့ သုတ်သုတ်လျှောက်ပြန်ခဲ့ကာ သမက် ရုံးတက်အမီ ထမင်း ပြင်ကျွေးရသည်။

ဒေါ်သိန်းမိ၏ သမက် မောင်မြဦးသည် ရုံးစာရေးကြီး ဖြစ်သည်။ ကိုးနာရီတိတိ ရုံးရောက်အောင် သွားသည်။ ဒေါ်သိန်းမိ သမီး မအေးလှမှာ အိမ်ထောင်ကျပြီးမှ ကောင်းကောင်းကျန်းမာသည်မရှိ၊ မကျန်းမာသည့်အတွက်ကပင် တစ်နှစ်တစ်ယောက် ကလေးမွေးကာ တစ်နေ့ရွှေ တစ်နေ့ငွေနှင့် ချည်နဲ့နဲ့ ဖြစ်နေလေသည်။ ကိုယ်ဝန်လေးလနှင့် ခြေထောက်များ ဖောယောင်နေလျက် ခြေမထောက်နိုင်ဘဲ အိပ်ရာထဲ၌ လဲနေသည်မှာ တစ်လလောက် ရှိချေပြီ။

မနက်မိုးလင်း အိမ်တာဝန်ကတစ်ဖက်၊ နို့စို့ကလေးတွေ တာဝန်က တစ်ဖက်၊ ကျောင်းသားကိစ္စ၊ ရုံးသမားကိစ္စ၊ သမီးလူမမာ ပြုစုသည့် ကိစ္စ စသည် ကိစ္စများတို့ဖြင့် တစ်မနက်စာလုံး တစ်ယောက်တည်း ဂျင်ခြေလည်နေသည်။ ၁၁ နာရီထိုးလျှင် ကလေးတွေကို သွားကြိုရန် ကျောင်းသို့ ပြေးရပြန်လေသည်။

အိမ်၌ ရေမရခြင်းက ပိုမိုဒုက္ခကြီးပေသည်။ လမ်းထောင့်မီးသတ်ပိုက်ကရေကို လက်ဆွဲသံပုံးနှင့် တစ်နေ့ခင်းလုံး ဆွဲသယ်ရသည်။ သမီးအဝတ်၊ သမက်အဝတ်၊ ကလေးတွေ ချေးအဝတ်နှင့် သေးအဝတ်များ ပါမကျန် အပေါင်းရှိရှိသမျှ ကျုံးလျှော်ရလေ၏။

အဝတ်လျှော်နေရင်း တစ်ဖက်မှ ထလုပ်ပေးရသောအလုပ်များမှာ အလုပ်မျိုးစုံသွားလေသည်။

နို့ဘူးဖျော်၊ ပုခက်လွှဲ၊ ကလေးနောက်ဖေးကျုံး၊ လူမမာအနားလည်း မကြာခဏ သွားလုပ်ပေးနေပုံတို့သည် အဝတ်လျှော်ရင်းမှ ထဘီ

mgyoe.com

mgyoe.com


ရေစိုကြီးနှင့် ဖြစ်လေသည်။

အိမ်တွင် အဖော်အကူတစ်ယောက်မှမရှိဘဲ အဝတ်လျှော်ရင်း အလုပ်မျိုးစုံ ထလုပ်နေရလျက် ဖတ်ဖတ်ဆာနေရှာသည်။ အဝတ်လျှော်ပြီးမှ ရေကပျာကယာချိုးကာ နေစောင်းသွား၍ ညစာအတွက် မီးဖိုထဲသို့ ဝင်သွားပြန်သည်။

ထမင်းချက်ရင်းပြုတ်ရင်း တစ်ဖက်ဖြင့် ရသည့်အချိန်ကို လုလျက် အိမ်ရှေ့တွင် တံမြက်စည်းလှည်းသည်။ ကလေးတွေ တစ်ယောက်ပြီး တစ်ယောက် ရေချိုးပေးကာ သနပ်ခါး သွေးလိမ်းပေးရသေးသည်။ နာရီအချိန်နှင့် နို့ဘူးဖျော်ရပြန်၏။ ကလေးပုခက် လွှဲသိပ်ရပြန်၏။ ထမင်းအိုးဆူကျနေ၍ မီးဖိုထဲသို့ ပြေးဝင်ပြန်ကာ ဇယ်ဆက်သလို သူလုပ်နေသော အလုပ်များသည် တစ်လုပ်ပြီးမှတစ်လုပ် မဟုတ်တော့ဘဲ သ–ပ–န ပေါင်းစုံ အကုန်လုံး သိမ်းကျုံးလျှောက်လုပ်သွားသည်မှာ နေဝင်မိုးချုပ်သည်အထိ ဖင်မချရချေ။

ဒေါ်သိန်းမိသည် ည ၁၀ နာရီထိုးမှ ပက်လက်ကုလားထိုင်ပေါ်၌ အနားယူထိုင်နိုင်သည်။ နေထွက်ကနေဝင်၊ နေဝင်မိုးချုပ် ည ၁၀ နာရီအထိ တလှုပ်လှုပ်ဖြင့် တစ်ခုပြီးတစ်ခုမျိုး စုံအောင် လုပ်လိုက်ရသည်မှာ အသက်ထွက်မတတ် ဖြစ်လေသည်။ ဘုစုကလေးခြောက်ယောက်စလုံး အိပ်ကုန်ကြတော့မှ ပက်လက်ကုလားထိုင်ပေါ်၌ ပစ်ထိုင်ချကာ ခြေမသယ်ချင်၊ လက်မသယ်ချင်ဖြင့် အမောကြီးမောနေတော့လေ သည်။ လက်မောင်းနှစ်ဖက်စလုံး စစ်စစ် စစ်စစ် ကိုက်ခဲလာလေသည်။ ခါးကလည်းနာ၏။ ဒူးလည်းနာ၏။ တစ်နေ့လုံး မနားရဘဲ လှုပ်လှုပ် လှုပ်လှုပ်နှင့် လုပ်ကိုင်နေရ၍ ပင်ပန်းလှသည်ထက် မျောက်ရှုံးအောင် ဆော့ကြကုန်သော ပုစုခရုတို့ကို အော်ရဟစ်ရ၊ ပြောရဆိုရ၊ ဆွဲရလွဲရသည်များက အမောတကာ့အမောဆုံး ဖြစ်နေလေ၏။

mgyoe.com

mgyoe.com


ဒေါ်သိန်းမိသည် တစ်နေ့လုံး လူရောအသံရော ဒေါင်းတင်မောင်း တင်ထားသမျှ ညဘက် ကုလားထိုင်ပေါ် ရောက်သွားလျှင် ပျော့ကျ သွားလေသည်။ မောလွန်လွန်း၍ အသက်ကို မဝတဝရှူနေစဉ် အိပ်ခန်း ထဲမှ ပေါင်ကိုက်၍ ညည်းတွားနေသော မအေးလှ၏ အသံကို နားစွင့် လိုက်သည်။

"ရေနွေးအိတ် ကပ်ထားရဲ့လား"ဟု ကြားလောက်အောင် သူ့အသံ ကို ခြစ်ခြုတ်ညှစ်ထုတ်ကာ လှမ်းပြောလိုက်သည်။

မအေးလှသည် ညည်းနေရင်းမှ မိခင်၏အသံကို ကြားရ၍ အညည်းရပ်လိုက်ကာ အံကြိတ်လျက် နားစွင့်လိုက်သည်။ ဒေါ်သိန်းမိ ၏ အသံမှာ တောင်ထိပ်ပေါ်သို့အရောက် အမောဆို့နေသော အသံမျိုး ဖြင့် စကားပြောသကဲ့သို့ စကားသံသည် လေဆက်ပြတ်လျက် တုန်အက် နေကာ အသံပျက်နေသည်ကို တွေ့ရသည်။

မအေးလှသည် အညည်းရပ်လိုက်သည်။ "ဟုတ်ကဲ့ . . . ကပ် ထားပါတယ် အမေ"ဟု လှမ်းအော်ပြောလိုက်၏။ ထို့နောက် မျက်နှာ နှင့် ခေါင်းအုံးဖြင့် အပ်လိုက်ကာ အသံမထွက်ဘဲ အားရပါးရ ချုံးပွဲချ၍ ငိုနေလေသည်။

ဒေါ်သိန်းမိသည် ပက်လက်ကုလားထိုင် အနားတစ်ဝိုက်၌ တဝီဝီ ပျံသန်းနေကုန်သော ခြင်သံများကို ကြက်သီးမွေးညင်းထမိလေသည်။ လက်နှစ်ဖက်စလုံး မခြောက်မသယ်ချင်နေခိုက် ခြင်ကလာ၍ စစ်ခနဲ ကိုက်လိုက်လျှင် တော်တော်တန်တန် ကြိတ်မှိတ်ခံကာ မျက်နှာကို ရှုံ့ တွနေလေ၏။ သွားလေး ငါးချောင်းသာရှိသော သူ့မျက်နှာသည် ခြင် ကိုက်၍ စစ်ခနဲဖြစ်သွားလျှင် ဂုန်နီအိတ်အဖျားကအစကို လုံးစုချည် ထားလိုက်သကဲ့သို့ပင် မျက်နှာပုံပန်းပျောက်လျက် မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ ဟူသ၍ ရှုံ့ခွက်ဝင်သွားကာ တွန့်စုသွားလေ၏။

mgyoe.com

mgyoe.com


အိမ်ရှေ့တံခါးပိတ်ထားသဖြင့် အိမ်ရှေ့ခန်းမှာ လေလုံနေလေသည်။ အိမ်မှာ အဝေးကကြည့်လျှင် ငှက်လှောင်အိမ်ကလေးနှင့် တူသည်။ အိမ်နှစ်ဆောင်ကြားထဲ၌ ကတ်သီးကတ်သတ် ဝပ်နေသော တစ်ထပ်ပျဉ်ထောင်အိမ်ကလေး ဖြစ်သည်။ အိမ်ရှေ့မျက်နှာစာ၌ လူဝင်လူထွက် တံခါးမကြီးတစ်ပေါက်သာ ရှိသည်။ နှစ်ဖက်အိမ်ထဲ ညပ်ဝင်နေကာ ဘေးပြတင်းပေါက်များ မရှိချေ။ အိမ်ရှေ့တံခါးဖွင့်မှသာ အလင်းရောင် ဝင်လာသည်။

ဒေါ်သိန်းမိသည် မောမောနှင့် ဈေးချွေးကြီးထွက်လာလျက် နဖူးပေါ်တွင် ချွေးသီးချွေးပေါက်ကြီးတွေ သီးနေလေသည်။

အိမ်ရှေ့ခန်းကလေးတွင် နှစ်ယောက်အိပ် ပိတ်ခြင်ထောင်ထဲ၌ ကလေးများကို စုပြုံသိပ်ထားလေ၏။ ပိတ်ခြင်ထောင်ကြီးဘေး၌ တစ်ယောက်အိပ် ဇာခြင်ထောင်ကလေးတစ်လုံး ကပ်ထောင် ထားသည်။ ဇာခြင်ထောင်မှာ ကြိုးစသုံးဖက်သာ ချည်ထားလေသည်။

သမက်ပြန်လာ၍ တံခါးပိတ်ပြီးမှ ကြိုးတစ်စကို တံခါးမ၌ ချည်ရမည်ဖြစ်သည်။ ဇာခြင်ထောင်ကလေး၌ လေးဖက်ထောက်အရွယ်ရှိသည့် ကလေးအငယ်ဆုံး ပူတူးမလေးကို သိပ်ထားလေသည်။

ပိတ်ခြင်ထောင်ထဲမှ ကလေးငါးယောက်သည် အိုက်လွန်းပူလွန်း၍ လိမ့်ကန်နေကြသည်။ ဒေါ်သိန်းမိသည် လိမ့်သံကန်သံကြားလျှင် ခေါင်းကြီးသွားသည်။ "ကျွတ် . . . ကျွတ် . . . ကျွတ်"ဟု တော်တော်နှင့် အသက်မရှူနိုင်ဘဲ စုတ်သပ်ကာ အသံပေးနေချေသည်။

ခြင်ထောင်ထဲ၌ ကလေးတစ်ယောက်နိုးလျှင် နောက်ထပ်ငါးယောက်ကပါ လိုက်နိုးတတ်ကြသည်။ အချိန်မတော်ကြီး နိုးကြ၊ ငိုကြ၊ ကောက်ကြလျှင် ချော့မရ၊ မော့မရနှင့် ဆူညံကုန်ကြသည်။ ဒေါ်သိန်းမိမှာ ကလေးတွေနိုးလျှင် ဖင်မနိုင် ခေါင်းမနိုင်ဖြစ်၍ ဒုက္ခရောက်လွန်း၍

mgyoe.com

mgyoe.com


ခြင်ထောင်ထဲမှ လိုမ့်သံကန်သံကြားတိုင်း အသက်ရှူမှားသွားကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

ညသည် ညဉ့်နက်ပိုင်းသို့ ချင်းနင်းဝင်လေသည်။ အိမ်ရှေ့လမ်းပေါ်၌ အသံဗလံများသည် တစ်စတစ်စ စဲသွားလေသည်။ ဒေါ်သိန်းမိမှာ မျက်လုံးများ လေးလံလာကာ ငိုက်မျဉ်းလာလေသည်။ အိပ်ချင်လျက်လည်း မအိပ်ရချေ။ မအေးလှ မမာကတည်းက သမက် ပြန်လာလျှင် တံခါးခေါက်က အဆင်သင့် ဖွင့်ပေးနိုင်ရန် ထိုင်စောင့်နေရသည်။ အိပ်ပျော်နေမိ၍ တံခါးကို နာနာခေါက်နေရပါက ကလေးတွေ နိုးကုန်မှာ စိုးရိမ်ရသည်။

မောင်မြဦးသည် ယောက္ခမ ဒေါ်သိန်းမိက စကားမပြောဘဲနေတာ ကြာပြီဖြစ်၍ အချိန်မတော် ညဉ့်နက်မှ ပြန်လာလျှင် အသံမပြုဘဲ တံခါး ကိုသာ တွင်တွင်ကြီး ခေါက်နေလေသည်။

ဒေါ်သိန်းမိသည် လေးကျလာသော မျက်ခွံတို့ကို အတင်းပင့်မ လျက် မျက်လုံး မပိတ်အောင် ဖွင့်ထားရလေသည်။ ခဏသာ ပင့်ထားနိုင်သည်။ ဖြုတ်ခနဲ ပင့်ထားနိုင်။ ဖြုတ်ခနဲ ပြန်ကျလာပြန်၍ မ,တင်ဖွင့်ရပြန်သည်။

"ခုနေများ ခြင်ထောင်ထဲဝင်ပြီး အိပ်ရရင် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပျော်သွားမှာပဲ"ဟု သွားစဉ်းစားလိုက်မိသည်။ သည်လိုသွားပြီး စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် ရင်ထဲတွင် တဖျဉ်းဖျဉ်း နာလာလေ၏။ မှေးငိုက်နေသော မျက်လုံးများ၌ မျက်ရည်စများသည် စိမ့်ယိုကျလာလေသည်။ ငိုက်မျဉ်းနေသော မျက်လုံးတို့သည် မျက်ရည်စတို့ဖြင့် စိုစွတ်လာသောအခါ တဖြည်းဖြည်း မျက်လုံးကျယ်လာလေသည်။

ခြင်ကောင်များသည် ဖွဲနှင့် ဆုပ်ပက်ဘိသကဲ့သို့ ညဉ့်နက်လေလေ များလေလေဖြစ်သည်။ ခြင်ကိုက်လွန်း၍ တစ်ကိုယ်လုံး ပူထူလာ

mgyoe.com

mgyoe.com


လေသည်။ လေးလံကိုက်ခဲနေသော လက်နှစ်ဖက်သည် အငြိမ်နေရသည်မရှိ။ ခြင်ပုတ်လိုက်၊ မျက်ရည်သုတ်လိုက်၊ တစ်ကိုယ်လုံး ဟိုကုတ်သည်ကုတ်ဖြင့် လှုပ်လှုပ်ခါခါဖြစ်နေပြန်၏။

ဒေါ်သိန်းမိသည် တစ်ချိန်ထက် တစ်ချိန် သည်းမခံနိုင်အောင်ဖြစ်လာသည်။ ရင်ထဲ၌ ကြိတ်မနိုင်ခဲမနိုင် ဖြစ်လာလျက် ရေရွတ်နေပြန်လေ၏။

"မယားမမာနေတာတောင် မညှာတဲ့အကောင်၊ ဒင်းမျက်ခွက်ကိုမြင်နေရတာ ငါ့လောက် ဝဋ်ကြီးတာမျိုးများ ရှိသေးရဲ့လား"

ဒေါ်သိန်းမိ၏ နားထင်ကြောကြီးများသည် အပြိုင်းပြိုင်းထောင်ထလာသည်။ အံကိုကြိတ်ထား၏။ မျက်ရည်ပေါက်ကြီးများ တစ်ပေါက်ပြီးတစ်ပေါက် လိမ့်ကျလာသောအကြားမှ တရေးရေးပေါ်လာသော မောင်မြဦး၏ မျက်ခွက်ကို စိုက်လျက် ကြည့်နေလေသည်။

မောင်မြဦး၏ မျက်နှာသည် မခုတ်တတ်သော ကြောင်ကလေးလိုရိုးပုံရိုးပန်းရှိသော မျက်နှာမျိုးဖြစ်သည်။ မျက်နှာသွယ်သွယ်၊ အသားဖြူဖြူ၊ နှာတံပေါ်သည်။ မျက်လုံးအကြည့်စိုက်လျက် မျက်လုံးအောက်ချ အနေများသည်။ နှုတ်ခမ်းပါးပါးဖြင့် စကားအလွန်နည်းသောလူအေးလူရိုး ရုပ်လက္ခဏာမျိုး ဖြစ်သည်။

မောင်မြဦးနှင့် မအေးလှကို လက်ထပ်ပေးစားခဲ့သော အကြောင်းထဲတွင် လူရိုးလူအေးဟူသော အချက်ကို အဓိကထား၍ ကိုယ့်စိတ်ကြိုက် ရှာဖွေ၍ ပေးစားလိုက်ခြင်း ဖြစ်သည်။

ဒေါ်သိန်းမိသည် တစ်ဦးတည်းသော သမီးကလေး မအေးလှကိုလင်ပေးစားဖို့ရာ ရွေးလိုက်ရသည်မှာ လင်မယားချင်း သဘောချင်းကွဲလွဲတာချည်း ဖြစ်သည်။

ဒေါ်သိန်းမိ၏ ခင်ပွန်း ဦးအေးမောင်မှာ မော်လမြိုင်မြို့ပေါ်မှ ပွဲ

mgyoe.com

mgyoe.com


စားကြီးဖြစ်၍ လူချစ်လူခင် ပေါများလှသည်။ တစ်ဦးတည်းသောသမီး ကို မြို့အုပ်ဝန်ထောက်နှင့် ပေးစားလိုသည်။ လူပျိုမြို့အုပ်ဝန်ထောက် ကလေးဆိုလျှင် ရင်းနှီးအောင် မိတ်ဖွဲ့ကာ အိမ်သို့ ဖိတ်ခေါ် ထမင်း ကျွေးလျက် "ဘယ့်နှယ်လဲ . . . မအေကြီး" ဟု မယားကို တိတ်တိတ် ကြိတ်မေးတတ်သည်။

"ဖြစ်ပါဘူး ဖအေကြီးရယ်။ သမီးကလေး မင်းကတော် စိုးကတော် ဖြစ်တာတော့ ဟုတ်ပါရဲ့ရှင်၊ တော်တော်ကြာကျတော့ မျက်ရည်နဲ့ဒူး နဲ့ သုတ်နေရပါလိမ့်မယ်။ ရိုးရိုးအေးအေးဟာမျိုးရှာပါ"

ဦးအေးမောင် သဘောတူသော သမက်လောင်းတွေ တစ်ဦးပြီး တစ်ဦး ပေါ်လာကြသည်။ ဒေါ်သိန်းမိ ငြင်းပယ်တာချည်းဖြစ်၍ ဒေါ်သိန်းမိအလိုကျ မလွန်ဆန်ဘဲ အလျှော့ပေးရသည်။

ဒေါ်သိန်းမိသည် တစ်ဦးတည်းသော သမီးကို အရိပ်တကြည့် ကြည့်ဖြင့် မခိုင်းရက် မစေရက် ရွှေပေါ်မြတင်ထားခဲ့လေသည်။

ဒေါ်သိန်းမိ၏ပါးစပ်ဖျားတွင် သမီးကို စန်းတင်လျက်နေ၏။ သမီးလေးက ကြီးကြီးကျယ်ကျယ် ဘယ်စကားမျိုး ပြောပြန်သည်။ ဘယ်ပန်းပုံစံမျိုး ထိုးပြန်သည်။ ဘယ်လိုအဆင်မှ ဝတ်သည်။ ဘယ်လို ဟာမှ စားသည်။ ဘယ်လိုလိမ္မာသည် စသည်အားဖြင့် အိမ်လူလာတိုင်း အမွှမ်းတင်၍ ပြောရသည်မှာ အမော။ အကယ်၍ သမီးလေးအကြောင်း ပြောရအောင် ပြောစရာလူမရှိလျှင် မအေးလှအဖေကို မြိန်မြိန်ရှက်ရှက် ပြောနေတတ်လေသည်။

"ကိုယ့်သမီးအရွယ်နဲ့ မလိုက်ဘူး၊ သိပ်ပါးနပ်တာပဲ။ ချက်ဆိုသူက အကုန်သိပြီ၊ အိမ်ရှေ့ သူနေပေမဲ့ အိမ်နောက်ဖေးမှာ ဘာလုပ်နေကြ တယ်ဆိုတာ သူအားလုံးသိတယ်ရှင့်။ ပြောတာဆိုတာ နေတာထိုင်တာ ကြည့်စမ်းပါ၊ တစ်နေ့ထက် တစ်နေ့ကိုပဲ စိတ်ကြီးဝင်ပြီး လူကြီးကလေး

mgyoe.com

mgyoe.com


လိုပါပဲ"

ဦးအေးမောင်သည် တစ်မျိုးပြီးတစ်မျိုး ကြားရသော မအေးလှ၏ လိမ္မာရေးခြား စသည်များကို နားထောင်ကာ တပြုံးပြုံး နှစ်သိမ့်လျက် "အေးကွယ် . . . ၊ မအေတူ သမီးလေးပါပဲ" ဟု ချီးမွမ်းပြောလေသည်။

ဒေါ်သိန်းမိသည် အဖေကြီးက "မအေတူ သမီးကလေး" ဟု ချီး ကျူးနေသည့်နေ့ကစ၍ နေရာတကာ အစစနှင့် သူနှင့်တူအောင် နေ့ရှိသရွေ့၊ အချိန်ရှိသရွေ့ အနားမှ တတွတ်တွတ် တဖွဖွ သွန်သင်ဆုံးမ လက်ထပ်ပြသခဲ့လေသည်။ မအေးလှ အရွယ်ကလေးရောက်လာသည် နှင့် တစ်ပြိုင်နက် တစ်ဆွေတစ်မျိုးလုံးက "မအေနဲ့ သမီးနဲ့ တစ်ကြော တည်းပဲ" ဟု မှတ်ချက်ချကြလေသည်။

"စကားပြောတဲ့လေကိုက ဟိုတာဝတီံသာက တက်ပြောတာ မျက်လုံးကို မဖွင့်ဘူး၊ အရွယ်နဲ့ မလိုက်ဘူး။ သူ့ကိုယ်သူ အပျိုကြီး ကျနေတာပဲ"

ကွယ်ရာတွင် ဆွေမျိုးများက အတင်းစပြောကြပုံကို တစ်ဆင့်ပြန် ကြားသိရသည့်အခါ ဒေါ်သိန်းမိသည် အတိုင်းမသိ အားရကျေနပ်ခဲ့ လေ၏။

"ကျုပ်သမီးလေး ငယ်သာငယ် လူကြီးကလေးပါပဲ၊ တယ်လိမ္မာ တယ်။ သူ့အိုးသူအိမ်ထောင်နဲ့များဆိုရင် စိတ်ချရပြီ၊ ကျုပ်တော့ ရှင့်လို လူ ရိုးလူအေးနဲ့မှပဲ ပေးစားမယ်"

ဒေါ်သိန်းမိသည် ဦးအေးမောင်ကို လူရိုးဟူသော ဂုဏ်ပုဒ်ဖြင့် လက်ထပ်ခဲ့လေသည်။ ဦးအေးမောင်နှင့် အကြောင်းပါခဲ့ကြပြီးနောက် သူထားရာနေ၊ သူပြောသလိုဖြစ်၊ သူ့လက် သူ့ခြေ၊ အရာခပ်သိမ်း သူ့သဘောချည်း လုပ်နိုင်ခဲ့၍ မအေးလှကိုလည်း သည်လို လူရိုးလူအေး မျိုးနှင့်သာ ရွေးရှာ ပေးစားချင်သည်။

mgyoe.com

mgyoe.com

ဒေါ်သိန်းမိသည် သမီးနှင့် ပေးစားရန် သိသမျှ၊ ကျွမ်းသမျှ၊ နီးစပ်သမျှထဲမှ ရုပ်နီးရုပ်ဝေးရှိ လူရိုးလူအေးကို ပိုက်စိပ်တိုက် ရှာဖွေခဲ့လေသည်။ ထောက်လှမ်းရှာဖွေရသည့်အထဲမှ လက်ရွေးစင် စိတ်ကြိုက်၊ မအေးလှ ထားရာနေမည့် မောင်မြဦးကို ရွေးချယ်လိုက်ကာ ပေးစားခဲ့လေသည်။

မောင်မြဦးဘက်၌ အဖေမရှိ၊ အမေအိုကြီးသာ ရှိသည်။ တစ်ဦးတည်းသောသားဖြစ်သည်။ ခေတ်ပညာ အိုင်အေအောင်သည်။ အထက်တန်းစာရေးမှ စာရေးကြီးတက်ကာ မျှားမကြာမီ ရုံးဝန်ထောက်ဖြစ်ရန် အလားအလာများစွာရှိသူဖြစ်သည်။ ရန်ကုန်၌ အိမ်ပိုင်တစ်လုံးရှိသည်။ အပေါ်ထပ်နေ၍ အောက်ထပ်ငှားထားသည်။ သည်အရည်အချင်း၊ သည်အလားအလာတွေထက် တစ်နေ့လုံးနေ၍ စကားတစ်ခွန်းမှ မပြောသော လူရိုးလူအေးဆိုသော အရည်အချင်းကိုရှေ့တန်းတင်ကာ သမီးလေးနှင့် လက်ထပ်ပေးစားခဲ့ခြင်းဖြစ်လေသည်။

ဒေါ်သိန်းမိသည် မျက်ရည်ပေါက်ကြီးများ စီးကျနေသောအကြားမှ တရေးရေးမြင်နေရသော မောင်မြဦး၏ ရုပ်သွင်ကို တွေစိုက်လျက် ကြည့်နေရင်း မကြည့်ဝံ့ဝံ့ဖြင့် မချင့်မရဲဖြစ်လာလေကာ စိတ်ထဲ၌ ကယောင်ချောက်ချားဖြစ်လာလေသည်။

စိတ်ထဲ၌ ကယောင်ချောက်ချားဖြစ်လာလျှင် တရေးရေးမြင်နေရသော မောင်မြဦးသည် တဖြည်းဖြည်းရုပ်ပြောင်းသွားသည်။ ခေါင်းဖြူဖြူ၊ နှုတ်ခမ်းမွေးဖြူဖြူ၊ မျက်နှာထားတင်းတင်းကြီးနှင့်မဲတော့ မာန်တော့မည့်ပုံမျိုး ရုပ်ပြောင်းသွားသောအခါ၌ ဒေါ်သိန်းမိသည် ရင်ထဲ၌ တဆတ်ဆတ်ခုန်လာတော့သည်။

ရုပ်ပြောင်းသွားသော သဏ္ဌာန်ကို ပြူးစိုက်လျက်ကြည့်ရင်း အော်ဟစ်၍သာ ငိုလိုက်ချင်၏။ အော်ဟစ်၍သာ ရန်တွေ့လိုက်ချင်၏။

mgyoe.com

mgyoe.com

မောင်မြဦးနေရာ၌ အစားဝင်လာသော ခေါင်းဖြူကြီးဦးအေးမောင်ကို စိတ်ရှိလက်ရှိ ဆုပ်ချေပစ်လိုက်ချင်ကာ မထိန်းနိုင်မသိမ်းနိုင်အောင် တုန်လှုပ်ချောက်ချားလာတော့သည်။

ဒေါ်သိန်းမိသည် သူ့စိတ်ကိုသူ ထိန်းမရ သိမ်းမရဖြစ်လာသော အခါတိုင်း အခါတိုင်း သူ့ဇာတ်ကြောင်းကို ပြန်ပြောင်း၍ တွေးသည်သာ တည်း။

သူ့ဇာတ်ကြောင်းကို လှန်ချင်ရာကစ၍ လှန်ကာ တွေးချင်ရာကို တစိမ့်စိမ့်ပြန်လှန်ကာ တွေးကြည့်နေတော့သည်။

× × ×

၁

မအေးလှသည် လက်ထပ်ပြီး တစ်ပတ်နေကာ ရန်ကုန်သို့လိုက် ခဲ့ရ၏။ အိမ်နှင့်ခွဲခဲ့ရ၍ အိမ်စောင့်ကျန်ရစ်ခဲ့သော အဖေ့ကိုသာ လွမ်း မည်ဆို လွမ်းစရာရှိသည်။ အိမ်ကိုတော့ လွမ်းလှသည်မဟုတ်၊ အမေ နှင့်နေသောအိမ်နှင့် ခင်ပွန်းသည်နှင့်အတူ လာနေသောအိမ်မှာ ဘယ်နေ ရာမှ ထူးလှသည်မရှိ။ အိမ်၌နေစဉ်က အမေအုပ်ထိန်း၊ ခြယ်လှယ် ပြုပြင်မွမ်းမံသလို ယခု ရန်ကုန်အိမ်၌လည်း အမေပင်အုပ်ထိန်း ခြယ် လှယ်ပြုပြင်မွမ်းမံလျက်ရှိသဖြင့် အိမ်နှစ်အိမ်၏အငွေ့အသက်နှင့် တစ်ငွေ့ တစ်သက်တည်း ထွက်နေပေသည်။

"ဖအေကြီး တော့်သမီးလေးကို ကျုပ်လိုက်ပို့ဦးမှ၊ အစစအရာရာ အကုန်လုံးနေရာချပေးခဲ့ပြီး အသားသေတော့မှ ကျုပ်ပြန်ခဲ့မယ်။ ကျုပ် စိတ်မချဘူး"

ဒေါ်သိန်းမိသည် လက်ထပ်ပြီးသမီးနှင့် သမက်ကို ရန်ကုန်သို့

mgyoe.com

mgyoe.com


လိုက်ပို့သည်။ ရန်ကုန်ရောက်လျှင် အိမ်ကို သူ့လက်တွင်းထဲရောက်အောင်တစ်ပတ်အတွင်း သိမ်းယူလိုက်လေ၏။

မောင်မြဦး၏အမေမှာ ပန်းနာသည်ကြီးဖြစ်သည်။ အိမ့်တာဝန် အိမ့်လုပ်ငန်းဟူသရွေ့ နေရာတကာတိုင်း၌ "အစ်မကြီး အသာနေစမ်း။ ကျွန်မလုပ်ပါမယ်၊ အေးအေးနေစမ်းပါ" ဟု ဝင်မလာရအောင် အတင်းအထိုင်ခိုင်းသည်။ နေရာတကာ ဒေါ်သိန်းမိချည်း ရှေ့က စီမံဆောင်ရွက်လုပ်ကိုင်သွားခြင်းဖြင့် ၇ ရက်အတွင်း သမက်အိမ်မှာ သူ့အိမ် ပကတိဖြစ်သွားလေ၏။

"သမီး အမေလုပ်တာတွေကြည့်ထား။ အမေပြန်သွားရင် အမေလုပ်သလို ကိုင်သလိုလုပ် ကြားလား၊ ကိုယ့်လက်ကိုယ့်ခြေ အကုန်ဖြစ်အောင် လုပ်ထားရတယ်။ ညည်းယောက္ခမကို အသာထိုင်နေပစေ။ ဘာမဆို ကိုယ်ကအရင်၊ ကိုယ်ကဦးအောင်ကြားရဲ့လား။ အဲဒီတော့မှ အင်းနောက်ကျတော့ ဘာမဆို ဒီအိမ်မှာ ကိုယ်ပြီးမှ ပြီးရမယ်၊ နားလည်လား၊ အဲ. . .အဲသလို မှတ်ထားနော်"

ဒေါ်သိန်းမိသည် ဇယ်ဆက်သလို ရှေ့က လျှောက်လှမ်းသွားရင်း သမီးကို တွတ်တွတ်ထိုးသင် ပြောပြနေလေသည်။

ဘယ်လိုသင်သင် သူ့စိတ်ထဲ၌ အားမရချေ။ ဖြစ်နိုင်လျှင် သည်အိမ်၌ သမီးနှင့်အတူတူ လာနေကာ သူချည်းပဲ လုပ်သွားချင်သည်။ လက်ထပ်ပြီးစ သမီးလေးအတွက် အိမ်ထောင်ရေးကိစ္စ၊ အိမ်ထောင်ရေးကဏ္ဍအဝဝကို ဂဃနဏ တတ်သိနားလည်စေချင်သည်။ ထက်ကြပ်မကွာလက်ထပ်ပေးမှ အိမ်ထောင်သမ္မာသူသိမည်ဟု ထင်နေသည်။ ကိုယ်ကရှေ့ကကြောင်းပြပေးမှ အိမ်ထောင်ရေးရာကို ငါ့သမီး ရိပ်စားမိမယ်ဟု တွက်ထားသည်။

ထို့ကြောင့် . . .

mgyoe.com

mgyoe.com


"ဟော . . . သားပြန်လာပြီလား၊ မောလာမှတ်တယ်။ မေမေ ဆီး ဖျော်ရည်ကလေး ဖျော်ထားတယ်ကွဲ့၊ အင်္ကျီပါ ချွတ်ပြီး အေးအေးလူ လူ နားသောက်လိုက်။ သမီးရေ . . .ညည်းကိုကိုဖို့ ဖျော်ရည်ယူခဲ့ လေ"

မအေးလှပြောရမည့်စကားများကိုသူကချည်းဆီး ပြောပြနေ သည်။ နေရာတကာ သူကရှေ့ကြောင်း၍ ပြောနေပြီးနောက် "တယ်ခက် တဲ့သမီးပဲ၊ မအေက ရှေ့က သင်ပေးနေတယ်။ ဘယ်အခါ ဘယ်စကား ပြောရမယ်၊ ဘယ်အခါဘယ်လိုပြုရမယ်ဆိုတာတွေ ပြောပြလုပ်ပြနေပြီ ဟာပဲ၊ သမီးကလည်း လုပ်ဦး ပြောဦးမှပေါ့"ဟု နှစ်ယောက်တည်း ကျိတ် ၍ဆိုသည့်မာန်သည့်အခါ၌ မအေးလှသည် ပုံ့ပုံ့ကလေး ပြုံးနေလေ သည်။

"ညည်း ဒီလို ပြုံးစိစိလုပ်နေလို့ မဖြစ်ဘူး"

ဒေါ်သိန်းမိမှာ မအေးလှ၏ ပြုံးစိစိကို စိတ်ထဲ၌ အားမရချေ။ အား မရတိုင်း ဆတက်ထမ်းပိုးတိုးကာ အရာရာတိုင်း ဝင်ပါလျက် ရှေ့က ချည်း လမ်းကြောင်းပြောနေလေ၏။

"အမေ ပြောနေပြီဟာ၊ ကျွန်မ ဘာပြောဖို့လိုသေးသလဲ" ဟု မအေးလှက သူ့ကိုမာန်၍ သူပြောစရာမလိုကြောင်း ပြန်ရှင်းပြောပြသည်။

"ဟဲ့. . . လိုတယ်ဟဲ့၊ ညည်းနေရာ အမေဝင်ပြောနေရတာ။ အမေ့နေရာမှ မဟုတ်တာ၊ လိုတာပေါ့"

ဒေါ်သိန်းမိသည် လိုတာပေါ့သာ ဆိုနေလေသည်။ လိုအပ်သမျှ သူချည်းပင် စခန်းသွားနေလေ မောင်မြဦးမှာ တစ်စထက်တစ်စ သူ့ ဩဇာညောင်းလာကာ ဦးကျိုးလျက် သေသေဝပ်ဝပ်ကလေးဖြစ်နေလေ ၏ ။

ဦးအေးမောင်သည် လက်ထပ်ပြီးလိုက်သွားသော သူ့မယားကို

mgyoe.com

mgyoe.com


ပြန် ခဲ့ရန် စာရေးခေါ်၍လည်းမရ၊ ရက်ချိန်းအမျိုးမျိုးပေးနေကာ သုံးလေးလကြာ၍ လာပုံမပေါ်သဖြင့် ရန်ကုန်သို့လိုက်လာခဲ့ရသည်။

"မင်းနှယ်ကွာ . . .၊ ငါ့နေရေး စားရေး ဒုက္ခရောက်တာများ တစ်ဆိတ်စဉ်းစားစမ်းပါဦး"

ရထားဆိုက်ဆိုက်ချင်း ပစ္စည်းများ မချခင် ဒေါ်သိန်းမိကို ဦးအောင် အပြစ်တင်လိုက်သည်။

ဒေါ်သိန်းမိသည် စကားနာထိုးလာလျှင် မျက်နှာပျက်ပုံမျိုး သူ့မျက်နှာကို သိသိသာသာကြီးပျက်ပြထားလိုက်သည်။ စိတ်မကောင်းသောမျက်နှာဖြင့် စကားမပြောဘဲနေသည်။ ပစ္စည်းများ ကားပေါ်တင်၍ ကားထွက်မှ စကားပြန်ပြောလေသည်။

"ဘူးသီး ခရမ်းသီးဆိုရင် ကျုပ်ရင်ထဲ ခွဲပြချင်ပါရဲ့။ ရှင့်အတွက် ပူရတာက တစ်မျိုး၊ ဒီမှာ ပူရတာကတစ်မျိုး။ သားသမီးက ချက်ချင်းရှိတော့ မစားချင်မသောက်ချင်ဖြစ်နေပြီး အိပ်ရာထဲလဲနေတာ ကျုပ် ဘယ့်နှယ်လုပ်ပြီး ပစ်ထားခဲ့ရမှာလဲ"

ဦးအေးမောင်မှာ စိတ်မပြေသေးချေ။ သုန်မှုန်သော မျက်နှာကြီးဖြင့် မရယ်ချင်ရယ်ချင် ရယ်လိုက်လေသည်။

"ဟုတ်တာပေါ့ကွာ။ ခုတော့ သမီးရှိလို့၊ တော်တော်ကြာကျတော့ ကိုယ်ဝန်ရင့်လို့၊ တော်တော်ကြာကျတော့ ကလေးမီးဖွားလို့၊ သွေးနုလို့ သားနုလို့၊ ကလေးငယ်သေးလို့"

"တော်စမ်းပါတော်"

ဟု ဒေါ်သိန်းမိက အတင်းဝင်ပြောရင်း တံတောင်နှင့် တွက်လိုက်လေသည်။

"သမီးနေကောင်းနေတာများ ဘယ်လိုနေသလဲလို့ ဆီးမမေးဘူး၊ အပြစ်တင်ချင်တာက စပြောတယ်။ တစ်သက်လုံး အနားကမခွာဘဲ

mgyoe.com

mgyoe.com


နေလာတာ၊ သုံးလေးလလောက် ခွာရသေးတယ်။ စကားများလာပြီ"

"စကားများတာ မဟုတ်ဘူးကွ၊ ငါ့နေရေး စားရေး မင်းမပူတာကို ပြောနေတာ"

"ရှင့်နေရေး စားရေး မယ်ဟန်ရှိသားပဲ၊ အကုန်စီစဉ်ခဲ့တာပဲဟာ"

ဒေါ်သိန်းမိသည် တစ်သက်လုံးက စကားခွန်းကြီးခွန်းငယ်မပြော တတ်သော လင်ယောကျ်ားကို စိန်းစိန်းကြည့်လိုက်မိသည်။ ခွန်းကြီး ခွန်းငယ် ပြန်လှန်ပြောတတ်နေပါပကောဟု အံ့ဩနေသည်။ လင်သား ပေါ်၌ အုပ်စီးပြီး မဖိမနှိပ်ဘဲထားတာ ရက်ကြာသွား၍ ကြွစောင်းစောင်း ဖြစ်လာသလားဟု တွေ့ကရာတွေလည်း လျှောက်တွေးသေးသည်။

"မယ်ဟန်က သူ့ယောကျ်ားဆီလည်း ပြန်ချက်ရ၊ အိမ်လည်း လာချက်ပေးရနဲ့ ကြာရှည်ကြီး ဘယ်လာလုပ်နိုင်မလဲ။ တစ်ခါတလေ လည်း အားနာလို့ ငါ့ဟာငါ ဆိုင်မှာ ဝယ်စားရတယ်"-

ဒေါ်သိန်းမိသည် နားထောင်နေရန် သည်းမခံနိုင်တော့ချေ။ ၃-၄ လေးလလောက် ကြာတာများ ယိုးမယ်ဖွဲ့ပြီး ပြောနေစရာများလားဟု စိတ်ထဲ၌ ခံပြင်းလာသည်။ စကားမပြောသူက စကားပြောခြင်းကို နားမခံနိုင်အောင် ပိုဖြစ်သည်။

"ဟုတ်တာပေါ့၊ ကျုပ်ရှိတော့ ငါးခြောက်ဆို ဖုတ်ပြီးသားကိုး၊ ရှင့်အလိုကျ အစစအရာရာလုပ်ပေးတဲ့ ရှင့်ခိုင်းဘက်ကြီးပေါ့။ ကျုပ်မ ရှိရင် ဒုက္ခရောက်တယ်ပေါ့။ ဒီမှာ ကျုပ်က အလကား အလည်လာနေ တာလား၊ ပြောစမ်းပါဦးရှင့်။ သမီးကိစ္စ ရှင့်သမီးအတွက် မဟုတ်ဘူးလား၊ ဘယ်သူ့သမီးထင်လို့လဲ ပြောစမ်းပါဦးရှင့်"

"မင်းပြောလို့ ပြောရတာကွ၊ တော်ကွာ . . ."

"ကျုပ်ကလည်း ရှင်ပြောလို့ပြောရတာရှင့်၊ တော်နိုင်ဘူး"

တက္ကစီဂျစ်ကား ဒရိုင်ဘာသည် ကားနောက်၌ ရန်ဖြစ်လာကြ

mgyoe.com

mgyoe.com


သော အဘိုးကြီးလင်မယားကို ကလေးတွေကျနေတာပဲဟု အောက်မေ့ကာ...

"ဦးကြီးတို့ရယ် တော်ကြပါဗျာ"

ဟု ရယ်ရယ်မောမောဖြင့် ဝင်ဖျန်ဖြေလိုက်လေသည်။

ဦးအေးမောင်မှာ ရန်ကုန်ဒွိတစ်ပတ်ခန့်နေပြီး နေရပ်သို့ ပြန်သည်။ ဒေါ်သိန်းမိသည် ဦးအေးမောင်နှင့်အတူ ပြန်လိုက်မည်ကြံစည်ပြီးမှ သမီးကလည်း မစားနိုင်၊ စားသမျှ အကုန်အန်ကာ အိပ်ရာထဲ၌ ခွေနေလေသည်။ မောင်မြဦး အမေကြီးကလည်း ညတိုင်းမအိပ်ရဘဲ ပန်းနာထနေတာ အိမ်တွင် လူမမာနှစ်ယောက်ဖြစ်နေသောကြောင့်

"ကိုင်း . . .ရှင်မြင်တဲ့အတိုင်းပဲ။ ကျုပ်လိုက်လို့ မဖြစ်သေးဘူး၊ ရှင့်သားက တစ်နေ့လုံး ရုံးသွားနေတာ။ သူတို့မှာ ကိုယ်ခွဲလည်းမရှိသေးဘူး၊ သူတို့နေကောင်းမှပဲ လာခဲ့တော့မယ်"

ဆိုကာနေရစ်ခဲ့လေ၏။

မောင်မြဦးမှာ အိမ်ပစ်ကာ လာ၍ လုပ်ကိုင်နေရသော ယောက္ခမကို အားနာနေလေသည်။ အားနာနာဖြင့် အစစအရာရာ ယောက္ခမအလိုကျ လိုက်လျောကာ ပါးစပ်ထဲခွံ့မှ စားတတ်တော့မည့် ကလေးတစ်ယောက်ကဲ့သို့ ယောက္ခမပြုမှ နေတော့မည့်အခြေသို့ တဖြည်းဖြည်းဆိုက်ရောက်လာလေ၏။

"မေမေ ကျွန်တော်လမ်းထိပ်သွားဦးမယ်၊ မေမေ ကျွန်တော် ညနေရုံးပြန်နောက်ကျမယ်၊ မေမေ . . .ကျွန်တော် ဒီနေ့ ရုံးစောစောသွားရမယ်"

စသည်အားဖြင့် သူ့ကိစ္စကို မအေးလှအား အသိပေးရန်ထက် ယောက္ခမကို ပြောရန်လိုအပ်လာသည်။

ကြိုတင်မပြောခဲ့မိဘဲ ရုံးပြန်နောက်ကျသွားသည့်နေ့မျိုးဆိုပါက

mgyoe.com

mgyoe.com

"သားရေ . . .နောက်ကျလှချည်လားကွဲ့၊ ဘာဖြစ်လို့တုံး။ မေမေဖြင့် ဆိုက်ကားလာတိုင်း ကြည့်ရတာ အမောပဲ"ဟု ယောက္ခမက ဆီး ပြောသည်။

ရုံးပြန်နောက်ကျရသည့်အကြောင်းကို ယောက္ခမအား ပြောပြခြင်းဖြင့် မယားပါ တစ်လက်စတည်း ကြားသိသွားရာ မယားကို သတ်သတ် ပြောနေစရာမလိုသလောက် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်နေလေသည်။

ဒီလမ်းမသွားရန်၊ ဒီအစာမစားရန်၊ ဒီအချိန် ရေချိုးချိန်၊ ဒီအချိန် ဆေးသောက်ရန် ကိစ္စအဝဝ ပြဿနာအရပ်ရပ် မအေးလှပြောရန် အကွက်တစ်ကွက်မှ မရှိချေ။ ဒေါ်သိန်းမိပဲ စောင့်ထိုင်ပြောနေသည်။ မအေးလှသည် သူ့ယောက်ျားနှင့် အခန်းထဲဝင်မှသာ လင်မယားဖြစ်တော့ကာ လင်မယားပြောစရာစကားမျိုး လင်ပြောမယားပြော ပြောနိုင်ကြလေ၏။

မအေးလှ ထူထူထောင်ထောင်ရှိလာလျှင် မောင်မြဦးက ဦးအေးမောင်အတွက် တောင်းတောင်းပန်ပန်ပြန်လွှတ်တော့မှ ဒေါ်သိန်းမိမှာ စိတ်မချလက်မချနှင့် ပြန်လာခဲ့ရသည်။

အိမ်ရောက်လျှင် သမီးအကြောင်း သားအကြောင်းပဲ တဖွဖွပြောပြီး စကားထဲသမီးမပါ သားမပါရင် မပြောတတ်သလောက်ပဲဟု ဦးအေးမောင်က စွပ်စွဲနေသဖြင့် လင်မယားစကားပြောမတည့်၊ မျက်နှာကြောမတည့်ဖြစ်နေကြသည်။

ဒေါ်သိန်းမိသည် ကိုယ်ဝန်ရှိနေသော သမီးအတွက် တထင့်ထင့်ဖြင့် လှူကြုံသာ စနည်းနာနေတတ်လေ၏။ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ ဘုရားရုံတွင်လှူကြုံသွားရာသည်။ စားစရာပို့ရ၊ ကလေးအနှီးပို့ရ၊ ကလေးဦးထုပ် ဆွယ်တာထိုးပို့ရနှင့် အမြဲတမ်းသမီးကိစ္စဖြင့် ဗျာများ

mgyoe.com

mgyoe.com


နေလေသည်။

ဦးအေးမောင်သည် ပထမပိုသည် ကဲသည်ဟု ထင်သည်။ ပိုသည် ကဲသည်ဟု အထင်ရောက်လာမှ စိတ်ထဲတစ်မျိုးတစ်ဖုံ ဖြစ်လာပြန်သည်။ ရန်ကုန်သွားနေလိုက်တာ ငါ့ဆီ စာသုံးလေးစောင်ပဲရောက်တယ်။ ငါတော့ ဂရုမစိုက်ဘူး၊ သမီးသာ အရေးပါတယ်. . .၊ ဘယ်သို့ဘယ်ချမ်းသာဖြင့် စိတ်မကောက်စဖူးကောက်၏။ မမျက်စဖူး မျက်နေလေ၏။

"ကဲ . . . ဖအေကြီး၊ ခုဆိုရင် ခုနစ်လကျော်ပြီး ရှစ်လထဲ ဝင်လာပြီ၊ မီးဖွားချင် ဖွားတော့မှာ။ ကြိုကြိုတင်တင် ကျုပ်သွားဦးမှ၊ မမွေးမဖွားဖူးတော့ ရှင့်သမီးငယ်အားငယ်နေမယ်"

"မင်းပြန်လာတာမှ နှစ်လလောက်ပဲရှိသေးတယ်။ ခုမှ ခြောက်လကျော် ခုနစ်လထဲဝင်ဦးမှာ။ မင်းနှယ်ကွာ ပြောရရင်လည်း မကောင်းဘူး။ အဖြစ်ကိုသည်းတယ်။ မနက်ကပဲ နေကောင်းပါတယ်လို့ စာရောက်သေးတာပဲ"

ဒေါ်သိန်းမိမှာ သူ့ကိုဒီလိုပြောတာ နည်းနည်းမှမကြိုက်ချေ။ ပူပူပင်ပင်နှင့်သူကပင် လွှတ်ရမည်။ အခုတော့ သွားမယ့်ဟာ ကာဆီးကာဆီးနှင့် တားလားဆီးလား လုပ်ရမလားဟု စိတ်ဆိုးလာသည်။

"ရှင့်သမီးတုန်းက ခုနစ်လနဲ့ မွေးတာမဟုတ်လား၊ ခုနစ်လထဲဝင်ရော ဖွားလိမ့်မယ်လို့ မပူရဘူးလား။ ရှင်ပြောလိုက်မှဖြင့် ဒီလိုချည်းပါပဲ။ ရှင့်သမီး ရှင်မချစ်ဘူးလား။ မချစ်ဘူးလားပြောစမ်းပါရှင်"

ဦးအေးမောင်သည် ဒေါသဖောင်းလာသည်။ စိတ်ထဲရှိတာ ပြောင်ပြောင်ဘွင်းဘွင်း ဖွင့်ပြောလိုက်သည်။

"ငါချစ်စရာ မင်းကချန်သေးလို့လားကွ၊ ငါပူစရာကော မင်းက ချန်သေးသလား။ မင်းချည်းပဲချစ် မင်းချည်းပဲပူပြီး လူကို လာအပြစ်ရှာ

mgyoe.com

mgyoe.com


တယ်။ ဟုတ်တယ်ဟော့၊ ငါကမချစ်ဘူး မပူဘူးကွ"

"ရှင် ခွစကားမပြောနဲ့။ မချစ်ရင်နေပေါ့ မပူရင်နေပေါ့၊ ကျုပ်တော့ မနက်ရထားနဲ့လိုက်မယ်"

ဒေါ်သိန်းမိသည် နောက်တစ်နေ့ ရန်ကုန်သို့ရောက်သွားလေ၏။

အိမ်ကလူနှင့် ကတောက်ကဆဖြစ်ခဲ့ရတာ သမီးနှင့်သမက်ကို မပြောဘဲနေပြီး ခမည်းခမက်ချင်းသာ တိုးတိုးတိတ်တိတ်ပြောကြသည်။

"အိမ်က ဟာကလည်း ငယ်မူပြန်နေတယ်။ ဘာဖြစ်နေသလဲ မသိပါဘူး၊ ရက်ကြာကြာနေတာကို တယ်မကြိုက်ချင်ဘူး။ ကျွန်မမှာ သမီး လည်း စိတ်မချ၊ သားလည်းစိတ်မချ၊ နှစ်ကိုယ်ခွဲလို့ကလည်း မဖြစ်တော့"

မောင်မြဦးအမေ ဒေါ်ခမှာ ဒေါ်သိန်းမိထက် ကြီးကာ မုဆိုးမဖြစ်တာ မကြာသေးချေ။ စဉ်းစဉ်းစားစားမျက်လုံးအကြည့်နှင့် ငိုင်တိုင်တိုင် ဖြစ်နေကာ လေသံသဲ့သဲ့ကလေးနှင့်စကားပြောသည်။

"ယောကျ်ားများ ဒီအတိုင်းပါပဲ။ ကျုပ်တို့သာ အသက်ကြီးလာ လေလေ အမယ်ကြီးအိုစိတ်ပေါက်လေလေ၊ သူတို့မှာတော့ အဘိုးကြီး အိုစိတ်မဟုတ်ဘူးတော့်။ ဦးအေးမောင် ဘယ်နှခုသားလဲ"

"၆၁ နှစ်"

ဒေါ်သိန်းမိက ခပ်တိုတိုပြန်ဖြေသည်။

"အစ်မကြီးထက် ငါးနှစ်ငယ်တာပဲ။ ညီမနဲ့ကော"

"ကျွန်မနဲ့ ရွယ်တူပါပဲ။ သူက လသာကြီးတယ်။ ကျွန်မ သူနဲ့ အိမ်ထောင်ကျတာ ၄၃ နှစ်တောင်ရှိပြီ။ ၁၈ နှစ်သမီးက အိမ်ထောင် ကျတာပဲ။ အသက်၄လေးဆယ်မှ သားသမီးရပြီး သမီးကိုမွေးတာ"

"မောင်မြဦးတို့ အဖေရှိတုန်းက သူ့သူငယ်ချင်း မောင်အေးမောင် ဟာ လူရိုးလူအေးလို့ စပ်မိတိုင်းပြောပါတယ်"

mgyoe.com

ဒေါ်သိန်းမိသည် ဘာကို စဉ်းစားမိသည်မသိ၊ ပြုံးနေလေသည်။ ဒေါ်ခသည် ဒေါ်သိန်းမိအပြုံးကို သိလိုဟန်ရှိပြီး ပြုံးနေသောမျက်နှာကို တပွတ်ပွတ်ချောင်းဆိုးရင်းပင် မျက်လုံးမခွဲဘဲ စိုက်ထားလေ သည်။

"မောင်မြဦးလိုပဲ ရိုးလည်းရိုး အေးလည်းအေးပါတယ်။ သူတို့သားအဖ တစ်ပုံတည်းပဲ"ဟု ဒေါ်သိန်းမိက ဆက်ပြောလေသည်။

× × ×

၂

မအေးလှ ဒုတိယအကြိမ်ကိုယ်ဝန်ရှိစဉ် မြေးဦးအပါသည် လေးဖက်ထောက်စအရွယ်၌ အဘိုးအဘွားအိမ်သို့ ရောက်လာလေ၏။

"သားသမီးကလည်း နီးလိုက်တာမပြောနဲ့တော့။ ကလေးက နို့မျက်နေတော့ ဘယ်နေကောင်းမလဲ၊ ချူချာတာပေါ့။ နို့ဘူးတစ်ဖက်နဲ့ သူ့အမေ ဒုက္ခရောက်လွန်းလို့ ကျုပ်ပဲ နို့ဘူးတိုက်မွေးပါ့မယ်ဆိုပြီး ခေါ်လာခဲ့ရတယ်"

ဦးအေးမောင်သည် မြေးဦးကလေးရောက်လာ၍ ဝမ်းသာသွားလေသည်။

ဒေါ်သိန်းမိသည် အပါ ဝမ်းက ကျွတ်ကတည်းက မော်လမြိုင်နှင့် ရန်ကုန်ကို အိမ်ဦးနှင့်ကြမ်းပြင်လို ကူးနေသည်။ ကလေး မှက္ခရပေါက်၍ တစ်ခေါက်၊ ကလေးကိုယ်ပူ၍ တစ်ခေါက်၊ ကလေးဝမ်းပျက်၍ တစ်ခေါက်၊ ကလေးနို့မျက်၍ သွားသည့်အခေါက်၌ကား ကလေးပါ အိမ်ပါလာသည်။

ကလေးရောက်လာလျှင် ရန်ကုန်သို့ကူးချည်သန်းချည် မလုပ်ချေဘူးဟု အောက်မေ့သည်။ ဦးအေးမောင်သည် အသက်ကြီးမှ ကလေး

mgyoe.com

ငိုသံ၊ ကလေးချော့သံများကို ကြားရတော့ ကြည်နူးလျက် နားဝင်ချိုနေပေသည်။ ဒေါ်သိန်းမိမှာ သားသည်အမေ တစ်ပိုင်းဖြစ်နေသည်။ အိပ်ရာထဲ၌ ကလေးပေါက်စကလေး ရောက်နေပေရာ အသက်ကြီးမှ ကလေးရခဲ့ကြ၍ အရူးအမူးဖြစ်ခဲ့သော ဦးအေးမောင်တို့ ဇနီးမောင်နှံဘဝသည် အသစ်ပြန်ဖြစ်ကြကာ အသက်ပြန်ဝင်လာကြလေသည်။

ညဘက်ကလေးနိုးလျှင် တစ်ယောက်က ပခုံးပေါ်ထမ်းချော့ကာ တစ်ယောက်က နို့ဘူးဖျော်ရလေသည်။

ဦးအေးမောင်သည် ကလေးလေးရောက်လာမှ "သားရေ လူကလေးရေ"ဟု ချော့မြှူကာ ကြည်နူးပျော်ရွှင်၍နေ၏။

အိမ်ကြီးတစ်လုံးနှင့် ရုံဖန်ရံခါ သွေ့ခြောက်ခြောက်ဖြစ်နေတတ်သော သူ့ဘဝသည် သာယာစိုပြည်လာစရှိဆဲ၌ "ကလေးက သူ့အမေလွမ်းတယ် ထင်ပါရဲ့၊ ငိုချည်းနေတာပဲ။ ကလေးသနားပါတယ်။ ဖြစ်သေးပါဘူးလေ။ သူ့အမေနဲ့သူသားနဲ့ အတူတူနေပါစေ"ဟု အကြောင်းအမျိုးမျိုးပြကာ ရန်ကုန်သို့ သွားပို့ပြန်သောကြောင့် ဦးအေးမောင်၏ဘဝမှာ ခြောက်ကျန်ရစ်ခဲ့လေ၏။

ဒေါ်သိန်းမိ ရန်ကုန်သို့အခေါက်ခေါက်သွားနေလေရာဝယ် ကလေးပြန်ခေါ်သွားသော ခုတစ်ခေါက်မှာ အခြောက်ဆုံးဖြစ်သွားလေ၏။

ခြောက်ကပ်သွားသော အိမ်ကြီး၌ မနေတတ် မထိုင်တတ်ဖြစ်နေလေ၏။ အိမ်တွင် ပြန်မနေဘဲ ပွဲရုံ၌သာ အနေများသည်။ အိမ်သို့စားခါနီးမှပင် ပြန်လာချင်လာ၏။ အိပ်ခါနီးမှပင် ပြန်လာချင်လာ၏။ ဒေါ်သိန်းမိ ရန်ကုန်သို့သွားတိုင်း ထမင်းလာချက်ကျွေးသော မယ်ဟန်မှာ ဒေါ်သိန်းမိဘက်မှ ဆွေနီးမျိုးစပ်တော်သဖြင့်သာ တော်တော့သည်။ မယ်ဟန်၏ ယောက်ျားကိုဘိုးဆင်မှာ ဦးအေးမောင်တို့ ပွဲရုံစောင့် လခ

mgyoe.com

mgyoe.com


စားလုပ်သည်။

အခါတိုင်း ဒေါ်သိန်းမိမရှိလျှင် မယ်ဟန်သည် နံနက်စောစော ဈေးဝယ်ပြီး ပေါက်လာကာ ထမင်းချက်လျက် နေ့လယ်တစ်ခေါက် ပြန်ပြီး သူ့အိမ်မှ ညနေတစ်ခေါက် ပြန်လာလျက် ချက်ပြုတ်ကျွေးကာ မိုးချုပ်လျှင် ပြန်သွားလေ၏။ ကလေးခေါ်သွားပြီးသည့်နောက် ဦးအေးမောင်သည် နေ့ဘက်တစ်ခေါက် အိမ်မပြန်ရသည်က များသည်။ ဦးအေး မောင်သည် အိမ်ပြန်လာတိုင်း မကြည်မသာဖြစ်နေလေသည်။ စီးပွား ရေးတစ်ဖက်၊ အိမ်တစ်ဖက်ဖြင့် တစ်ယောက်တည်းဖြစ်နေသော အဖြစ် ကို မကျေနပ်ချေ။ ပွဲရုံစီးပွားရေးလုပ်ငန်း၌ နောက်နောက်ကလို ဘာမှ ကူဖော်လောင်ဖက် မရတော့ဘဲ သမီးကိစ္စ၊ မြေးကိစ္စနဲ့ ဗျာများနေ ပေသောသားမယားကို ညအိပ်ရာဝင်လျှင် အမှတ်ရပြီး အမှတ်ရလာ လျှင် စိတ်ဆိုးချင်လာသည်။

အိမ်ကြီးတစ်လုံးနှင့် တစ်ယောက်တည်းရှိသည်ကို မသိချင်သဖြင့် မေ့သွားရန် ကြိုးစားအိပ်လေသည်။ အိပ်စေချင်မှ အိပ်မပျော်သောကြောင့် စိတ်တိုတိုဖြင့် အိပ်ရာကထလာပြီး အိမ်အောက်ဆင်းလိုက်၊ အိမ်ပေါ် တက်လိုက်၊ အခန်းထဲဝင်လိုက် ဟိုဟာလုပ်တော့မလိုလို သည်ဟာလုပ် တော့မလိုလိုဖြင့် ယောင်ချာချာကြီး ဖြစ်နေရှာသည်။

ဒေါ်သိန်းမိ ကလေးကိုပို့ပြီးပြန်လာမည်ဟု ရက်ချိန်းတစ်ပတ်ပေး သွား၏။ ကလေးနေမကောင်းနေ၍ ၁၀ ရက်ရွှေ့သွား၏။ ၁၀ ရက် မြောက်သောနေ့၌ သံကြိုးရောက်လာသည်။ မောင်မြဦးအမေ ဒေါ်ခ သေဆုံးကြောင်း ရိုက်လိုက်သော သံကြိုးကို ဖွင့်ဖတ်နေရင်း ဦးအေး မောင်သည် တစ်စုံတစ်ခုကို တွေးမိကာ သက်ပြင်းကြီးချလိုက်လေ၏။

ဦးအေးမောင် တွေးတောလာခဲ့သည့်အတိုင်း ဒေါ်သိန်းမိမှာ ရက် လည်ဆွမ်းကျွေးပြီး ဦးအေးမောင်နှင့်အတူတူ ပြန်လိုက်ဖို့ရန် မလိုက်

mgyoe.com

mgyoe.com


နိုင်သေးကြောင်း အကြောင်းပြလေ၏။

"ရှင့်နှယ်ရှင်၊ လူကြီးတွေ အားလုံးပြန်သွားရင် သူတို့မျက်စိသူငယ်နဲ့ ဖြစ်ကျန်ခဲ့မှာပေါ့။ ဆယ်ငါးရက်တန်တယ်၊ တစ်လတန်တယ် ကျုပ်နေပြီးပြန်မှ ဖြစ်တော့မှာပေါ့။ တော်သာပြန်နှင့်ပါဦး"

ဒေါ်သိန်းမိသည် တစ်ဖက်ခန်းက သမီးနှင့် သမက်မကြားအောင် အိပ်ရာထဲ၌ တိုးတိုးတိတ်တိတ်ကျိတ်ပြောနေသည်။ ဦးအေးမောင်မှာ မကျေမချမ်းသံဖြင့် ပြန်ပြော၍ ဒေါ်သိန်းမိက တိုးတိုးပြောရန် လက်ကုတ်ရသည်။

"မင်းကို ကျုပ်မပြောချင်လို့နေတာ။ မယ်ဟန်အိမ်လာပြီး လျှော်ဖွပ်ချက်ပြုတ်ကျွေးနေတာက ဟုတ်ပါရဲ့၊ သူ့လင်ဘိုးဆင့်က မလိုရင် မလိုသလိုဟာ မယ်ဟန် ညနေပြန်ရင် ရန်ဖြစ်သတဲ့"

"အမလေးတော် ဘိုးဆင့် အရက်သောက်တာများ ခုမှ မဟုတ်ပါဘူး၊ တစ်သက်လုံးက သောက်နေတာပါ။ ရန်ဖြစ်တာလည်း တစ်သက်လုံးဖြစ်နေကျပါ။ ကျုပ် ၁၅ ရက်လောက်နေပြီး ပြန်မှာပါ"

ဒေါ်သိန်းမိသည် ၁၅ ရက်ဆိုပြီး တစ်လလောက် ကြာမြင့်နေလေ၏ ။

မောင်မြဦးမှာ တတွေတွေ တမှိုင်မှိုင်နှင့် မိခင်အတွက် စိတ်လက်မကောင်း ဖြစ်နေပြီး စိတ်ပြေလက်ပျောက်ရှိပါစေတော့ဟု ဖျောင်းဖျရ၊ ဂရုစိုက်ရနဲ့ သမီးကိုအားမရဘဲ သူ့ချည်းပဲ ဖြေဖျော်ဖျောင်းဖျနေရလေ၏ ။

မအေးလှမှာ ကိုယ်ခွဲကလေးမတစ်ယောက် အဖော်ရသော်လည်း ကလေးထိန်းရုံသာအဖော်ရသည်။ ကိုယ်ဝန်ကြီးနှင့်ချက်ရပြုတ်ရ၊ အိမ်တာဝန်လုပ်ရနှင့်မအားရချေ။ အမေရှိ၍သာတော်သေးသည်။ မရှိလျှင် မောင်မြဦးကို စိတ်လက်ကောင်းအောင် အနားကထိုင်ကာ ဖြေဖျော်

mgyoe.com

mgyoe.com


နေနိုင်မည်မဟုတ်ချေ။ ရုံးမသွားမီနှင့် ရုံးကပြန်လာလျှင် အမေက ဂရုစိုက်ကာ ဘာမှလိုလေသေးမရှိအောင် ပြုစုလျက် တဖူးဖူးမှုတ်နေခြင်းကပင် စိတ်ပြေလက်ပျောက် သက်သာရာဖြစ်နေသည်။

ဒေါ်သိန်းမိမှာမအေတစ်ယောက်၊ သားတစ်ယောက် စိတ်မကောင်းဖြစ်နေတာပဲဟုနားလည်ကာ မောင်မြဦးအမေနေရာ၌ ကိုယ်စားဝင်၍ဖြစ်စေ၊ မောင်မြဦး၏ဇနီးနေရာ၌ ကိုယ်စားဝင်၍ဖြစ်စေ တစ်အိမ်ထောင်လုံး သူချည်းနှစ်ပါးသွားနေသဖြင့် မအေးလှမှာ ခပ်အေးအေးပင် သူလုပ်စရာရှိတာသာ သူလုပ်နေနိုင်လေ၏။

မောင်မြဦးသည် ဒေါ်သိန်းမိအပေါ်၌ လေးစားသည်။ ချစ်ခင်သည်။ သူ့အမေအရင်းပင် သူ့အပေါ်၌ သည်လောက် မယုမယနိုင်ဟု ထင်မိသည်။ သူ့အပေါ်၌ သူ့မယားသည်ပင် သည်လောက်မပြုစုနိုင်၊ သည်လောက် မကျေပွန်နိုင်ဟု အောက်မေ့သည်။ ကလေးအတွက်၊ အိမ်အတွက် အားလုံးစိတ်ချရသဖြင့် ယောက္ခမပြန်မှာပင် စိုးရိမ်နေတတ်သည်။

ဦးအေးမောင်ဘက်မှ အဝင်အထွက်ရှိကြသော ဆွေမျိုးတစ်စုကားရန်ကုန်လာလျှင် မအေးလှအိမ်၌ တည်းခိုစတည်းချသွားကြပြီး ကိုယ့်အရပ်ရောက်လျှင် အတင်းစုပြောကြလေ၏။

"ကြက်တူရွေးက တော်တော် မယ်တော်က သဲသဲ။ မောင်မြဦးစိတ်သိပ်ထိခိုက်နေတယ်၊ အမေမရှိတော့ မနေတတ်မထိုင်တတ်ဖြစ်နေတယ်ဆိုပြီး တကတဲမှပဲ သမက်ကို အရိပ်တကြည့်ကြည့်နဲ့ မျက်စိအောက်က အပျောက်မခံဘူး။ သူ့ယောက်ျားကြီးတော့ သတိတောင်ရရဲ့လား"

ဆွေမျိုးတို့သည် မြင်ပြင်းကတ်ကတ်ဖြင့် တီးတိုးတီးတိုးပြောကြလေသည်။ တီးတိုးသံသည် တစ်စတစ်စ ဦးအေးမောင်၏နားသို့

mgyoe.com

mgyoe.com


ရောက်သွားသည်။

ဦးအေးမောင်သည် မလုပ်စဖူး သံကြိုးရိုက်ခေါ်ပြီး ဒေါ်သိန်းမိ ရောက်လာသည့်နေ့ကစ၍ လင်မယားနှစ်ယောက်မှာ မျက်နှာကြော မတည့်ဘဲ တကျက်ကျက် ရန်ဖြစ်နေကြသည်။ ဒေါ်သိန်းမိမှာ ဦးအေး မောင်ကို သူ့ဆွေမျိုးများမြှောက်ပေးသည်၊ တို့ပေးသည်၊ တိုက်ပေး သည်ဟု ဦးအေးမောင်ဘက်မှ ဆွေမျိုးတွေအပေါ်သို့ အပြစ်လုံးလုံး ကြီးဖို့ကာ ရန်ထောင်နေလေသည်။

သို့ဖြင့် နေ့စဉ်ရက်ခြား သမီးကိစ္စနှင့် ကတောက်ကဆ ခွန်းကြီး ခွန်းငယ်များကြလျက် မအေးလှ ကလေးမီးဖွားချိန် နီးကပ်လာလေ၏။

"ကဲ ဘယ်လိုလဲ။ ဟိုမှာတော့ သမီးနေ့လား၊ ညလား ဖြစ်နေပြီ။ ကျုပ်မသွားရဘူးလား"

ဦးအေးမောင်သည် တုတ်တုတ်မျှမလှုပ်ချေ။ စကားပြန်မရ၍ ဒေါ်သိန်းမိသည် ဒေါသထွက်လာသည်။ ဦးအေးမောင်မှာ သမီးနှင့် ပတ်သက်လာလျှင် အကောင်းပြောလည်း အကောင်းမထင်ဘဲ စကား များရတာချည်းပဲဖြစ်၍ ခပ်ရှောင်ရှောင်လုပ်နေသည်။ မေးမေးချင်း ရုတ် တရက်အဖြေမပေး။ ဒေါ်သိန်းမိ၏ ခပ်မာမာမေးနေသော အသံကြောင့် လည်းတုံ့ဆိုင်းနေသည်။

"တော် . . .ကျုပ်ကိုစကားမပြောချင်ဘူးလား။ ဘယ်လိုလဲ။ မသွား စေချင်ရင်လည်း ပြောရမယ်၊ သွားရမယ်ဆိုရင်လည်း ပြောရမယ်။ မြုံနေတာက ဘယ်လိုသဘောလဲ"

"ကွယ် . . .မင်းသဘော၊ မင်းသဘော၊ ငါ့ကို ဘာမှမမေးပါနဲ့။ မင်းသဘော"

ဒေါ်သိန်းမိသည် အင်္ကျီလက်မောင်း ပင့်တင်လိုက်ကာ အံကြိတ်၍ ကြည့်နေသည်။ ဦးအေးမောင်က ဘယ်သို့ဘယ်ညာပြောလျှင် တစ်

mgyoe.com

mgyoe.com


စက်မှုမခံဘူးဟု စိတ်တင်းထားသည်။ ဦးအေးမောင်ထံမှ အဖြေသည် ထင်သလိုမဟုတ်ဘဲ စိတ်မကောင်းသံရောနှောနေရာ တင်းထားသော စိတ်များသည် အနည်းငယ်ပျော့ကျသွားလေသည်။

"ကျုပ်သဘောဆို ကြာလှပြီရောက်သွားတာ၊ ကျုပ်သဘောချည်း မလုပ်ချင်လို့ ရှင့်ကိုမေးတာပေါ့။ အခုချက်ချင်း ထသွားမှာလည်း မဟုတ်သေးပါဘူး၊ ရက်နီးတော့ သံကြိုးရိုက်ဖို့ စာရေးလိုက်ပါ့မယ်"

ဒေါ်သိန်းမိသည် အသာကိုယ်ရှိန်သတ်လိုက်ရသော်လည်း စိတ်ထဲ၌ မတင်မကျဖြစ်နေလေ၏။ ဦးအေးမောင်က ဘုကျကျကလေး ပြောလျှင် ရန်ကုန်သို့ နေ့ချင်းညချင်း ထွက်သွားမည်ဖြစ်သည်။ ဘုကျကျမပြောဘဲ မင်းသဘောဆို၍ အသာကလေးပြန်ကိုယ်ရှိန်သတ်ထားရသည်။

ဒေါ်သိန်းမိသည် ဦးအေးမောင်နှင့် သမီးအကြောင်းကို ဆက်မပြောသော်လည်း ဦးအေးမောင် ကွယ်ရာတွင် သမီးအကြောင်းချည်းပဲ ပြောနေလေသည်။ ကြားရသူတိုင်း နားညည်းသွားသည်။

"ညည်းသိတဲ့အတိုင်းပဲ မယ်ဟန်။ ယူပဟဲ့ . . .ယူပဟဲ့ ဆိုလို့ အဖေ အမေ စကားနားထောင်ပြီး လင်ယူလိုက်ရတာ၊ သူ့ခများမှာ ဘာမှသိ တတ်သေးတာ မဟုတ်ဘူး။ ညည်းတို့မျက်စိအမြင်ပဲ။ မအေ့ ထဘီစ ဆွဲပြီး မအေနဲ့ တကပ်ကပ်နေတဲ့ သမီး။ ဘာမဆို မအေ့အကြောင့်ကြ၊ အမေ့ နို့သက်ခံစို့တာ။ လင်သာပေးစားလိုက်ရတယ်၊ ငါ့စိတ်ထဲ နို့စော်တောင်ပျောက်ဦးမှာ မဟုတ်ဘူးထင်တာ။ မအေမို့ ပြန်မယ်ဆို ငိုပါလေရော။ အိမ်ထောင်မကျခင်တုန်းက ငါတစ်ညနှစ်ညအိပ် ခရီးသွားရင် ညည်းနဲ့ထားခဲ့တုန်းက ငိုသလိုပါပဲအေ။ တရှုပ်ရှုပ်ငိုနေတာပါပဲ"

မယ်ဟန်၏ စိတ်ထဲ၌လွန်လွန်းတယ်ဟု အောက်မေ့သည်။ သည်

mgyoe.com

mgyoe.com


အိမ်လာ၍ သူ့မျက်နှာမြင်လျှင် သည်စကားပဲ ဆီးဆီးပြောနေသဖြင့် နားပူလာလေသည်။ ဆွေနီးမျိုးစပ်တော်နေ၍ ဆန့်ကျင်ဘက်မပြောရဲဘဲ အလိုက်အထိုက်ကြည့်ပြောရလေသည်။

"ဟုတ်တာပေါ့ အစ်မရဲ့။ သူ့ခမျာ မွေးခါနီး ဖွားခါနီးဆိုတော့ အမေကို မျှော်နေမှာပဲ။ အစ်ကိုကြီးပါ ခေါ်ပြီး အစ်မ ရန်ကုန်သာ ပြောင်းနေဖို့ကောင်းတော့တယ်"

"ပြောင်းလို့ ဘယ်ဖြစ်မလဲအေ့ ၊ ကိုယ့်စီးပွားရေးလက်ငုတ်က ဒီမှာရှိနေတာ။ ပြီး . . .ညည်းအစ်ကိုကြီးကလည်း ရန်ကုန်မှာ အသက်ရှုကျပ်တယ်လို့ နေတတ်တာမဟုတ်တော့ မခက်လား။ ခက်ပါတယ် အေ . . .ခက်ပါတယ်၊ ငါပဲ ဒုက္ခများပါတယ်"

ဒေါ်သိန်းမိသည် ပြောပြီး ဟင်းခနဲ ပင့်သက်ကြီးချလိုက်သည်။ မယ်ဟန်မှာ ငေးငိုင်ပြီး ကြည့်နေ၏။

"အစ်မတော့ ဒုက္ခပါပဲ။ အစ်ကိုကြီးလည်း သနားစရာပဲ၊ အစ်မမို့ မရှိရင်မကြည်မသာနဲ့ ရွှင်ရွှင်ပျပျမရှိဘူး။ အစ်မမရှိတဲ့အခါ ကျွန်မပိုပြီး ဂရုစိုက်ပါတယ်။ ကျွန်မအပေါ် မကျေမနပ်တာရှိရင် အစ်မအပေါ်မဲနေမှာစိုးလို့ အစစအရာရာ လိုလေသေးမရှိအောင်လုပ်ပေးကိုင်ပေးတာပဲ။ အစ်မအတွက် ကျွန်မလည်း မသက်သာဘူး။ ဒီမှာ တစ်နေ့လုံးလာလုပ်နေရင် အိမ်ပြန်တော့ ဘိုးဆင်က မူးမူးနဲ့ ရန်ထောင်ချင်သေးတယ်"

"အမယ်လေးအေ . . .ဒီကောင်များ ဂရုစိုက်လို့၊ မူးရင် မူးတဲ့ခိုက်ပါ။ ညည်းအစ်ကိုကြီးကို ညည်းက ဒီအကြောင်းကျပ်ကျပ်ပြော။ ငါ့ကို ဒီအကြောင်းနဲ့ ရမယ်ရှာပြီး မသွားစေချင်ဘူး။ ညည်းတို့ အဲသလိုပြောနေရင် သူ့ဆွေမျိုးတွေက သူ့ကိုပိုဖိပြောကြမှာပေါ့။ ဒီကောင့်အကြောင်း စကားထဲထည့်မပြောစမ်းနဲ့။ သင်းသောက်ချင်သလို

mgyoe.com

mgyoe.com


သောက်ရအောင် တစ်ဖက်လှည့်နဲ့ ငါက ပေးနေရတာပဲမဟုတ်လား။ ညည်းတို့ကိုပေးကမ်းနေတာ အကုန်လုံး သူသိတာ မဟုတ်ဘူးသိရဲ့လား"

မယ်ဟန်မှာ ရှေ့ဆက်မပြောရဲချေ။ ကိုဘိုးဆင် လခအပြင် တိတ်တိတ်ကျိတ်ပေးနေသော ငွေစများဖြင့် ရွှေစပင် ဝယ်စုနိုင်သည့်အတွက် နှုတ်ဆိတ်သွားလေ၏။

မယ်ဟန်သည် ဒေါ်သိန်းမိအလိုကျအတိုင်း အိမ်လာတိုင်း ရန်ကုန်က သံကြိုးရောက်မရောက် အရင်မေးကြည့်သည်။

ဒေါ်သိန်းမိသည် စိတ်တထင့်ထင့်ဖြင့် သံကြိုးမျှော်နေသည်။ သံကြိုးမရောက်လာသဖြင့် စိတ်ပူပူဖြစ်နေပုံကြောင့် ဦးအေးမောင်မှာ စိတ်ရှုပ်ရှုပ်ဖြင့် ရန်ကုန်သို့လွှတ်လိုက်ရလေ၏။

စူဠလိပ် ရေထဲလွှတ်လိုက်ရသလိုပင် ဒေါ်သိန်းမိသည် ရန်ကုန်၌ ၄၊ ၅ လ သောင်တင်နေလေ၏။ မအေးလှသည် မျက်နှာမြင်ပြီး မီးယပ်ကျိုးကျိုးနေကာ အိပ်ရာထဲ၌ လဲနေလေသည်။

ဒေါ်သိန်းမိသည် လူမမာတစ်ဖက်၊ ကလေးနှစ်ယောက်တစ်ဖက်နှင့် ဒုက္ခများနေလေသည်။

မအေးလှမှာ အတော်ကြီး နေမကောင်းသောကြောင့် ဦးအေးမောင်မှာ ရန်ကုန်သို့ နှစ်ခေါက်သုံးခေါက် သွားကြည့်ရလေသည်။

ဦးအေးမောင်သည် တစ်ခေါက်နှစ်ခေါက်နှင့်မတူဘဲ ပြောင်းလဲနေပုံကိုသတိပြုမိသည်။ နေကောင်းကောင်းချင်း ပြန်လာဖို့ရာ မှာကြားပြောဆိုသမျှ မပြုတော့ဘဲ အေးအေးပင် ပြန်သွားတတ်၏။ အနေခက်သည်၊ အစားခက်သည်လည်း မရှိတော့ဘဲ အေးအေးချမ်း ချမ်းဖြစ်နေသော အရိပ်အခြည်တွေကိုပင် မြင်လိုက်ရသည်။

မအေးလှသည် အမာကိုမွေးဖွားပြီး အိပ်ရာထဲ၌ လဲနေကာ

mgyoe.com

mgyoe.com

အရိုးပေါ် အရေသာကျန်တော့သည်။ ဘယ်သူမှ မမှတ်မိအောင် ရုပ်ပျက်သွားသည်။ မျက်လုံးဟောက်ပက်ဖြင့် ကမ္ဗဒ္ဒါန်းရုပ်ကိုကြည့်လျက် ဒေါ်သိန်းမိမှာ ရင်ထုမနာဖြစ်နေလေသည်။

"ငါ့သမီးလေး ဒီလိုနဲ့ပဲ တဖြည်းဖြည်း လုံးပါးပါးတော့မှာပါလား" ဟု စိုးရိမ်စိတ်တို့ဖြင့် မွှန်ထူနေတော့သည်။

မောင်မြဦးမှာ ရုံးအလုပ်ကလည်း ပူ၊ အိမ်ပြန်ရောက်လည်း တစ်ကွက်မှ စိတ်ချမ်းသာစရာမတွေ့ရ။ အရေးထဲ ကူဖော်လောင်ဖက် မိန်းကလေးက အိမ်မှ ထွက်သွား၍ ဖတ်ဖတ်ဆာနေသော ယောက္ခမကြီးမှာ ရှေ့ကလို သူပြန်လာလျှင် ယုယလုပ်မနေတော့ဘဲ စိတ်တိုနေပုံရသည်

"ကဲဟေ့ . . .မင်းက ကလေးထိန်းပါဦး။ ငါဖြင့် တစ်နေ့လုံး ယားလို့တောင် မကုတ်အားဘူး။ အလုပ်ကလည်း များလိုက်တာ။ လူမမာကလည်း တစ်နေ့ရွှေ၊ တစ်နေ့ငွေ၊ ပေါကလည်းဆော့လိုက် တာ မျောက်ရှုံးနေတာပဲ မနိုင်ဘူး"

တစ်အိမ်လုံး ယောက္ခမ၏ ညည်းညူသံ၊ လူမမာ၏ ညည်းညူသံ၊ ကလေးတွေ၏ငိုသံ ဆူသံများ လွှမ်းမိုးနေလျက် မသာမယာဖြစ်နေသော အိမ်ဆီသို့ ရုံးကအပြန် အနိုင်နိုင်လျှောက်ပြန်လာခဲ့ရသည်။

အမေအို ပန်းနာသည်နှင့် တစ်သက်လုံးနေခဲ့ရသဖြင့် လူမမာဆိုလျှင် အနားမကပ်ချင်သလောက် စိတ်ကုန်ခန်းသည်။ စိတ်မရှည်ရကောင်းသလားဟု လူနာက ပြန်စိတ်လုပ်လျှင် မချော့ဘဲ မမော့ဘဲ တစ်ယောက်တည်းကျိတ်မြဲ၍ စိတ်ရှုပ်စိတ်ပျက်နေလေ၏။

ဒေါ်သိန်းမိသည် မော်လမြိုင်မှ ဘာသတင်းမျှ မကြား၊ စာမရတာလည်း ကြာမြင့်နေသဖြင့် ဦးအေးမောင်နေထိုင်များ မကောင်းသလားဟု တွေးတောလျက် ဈေးကအပြန် ပုဇွန်တောင်ဘက်သွားကာ

mgyoe.com

mgyoe.com


အသိမိတ်ဆွေအိမ်တွင် မော်လမြိုင် လူကြုံသွားကြည့်လေ၏။

ဒေါ်သိန်းမိ လူကြုံသွားကြည့်သောအိမ်မှာ မော်လမြိုင်မှ ပြောင်းရွှေ့ကာ သစ်ဆိုင်ဖွင့်ထားလေသည်။

အသိအိမ်၌ မော်လမြိုင်လူကြုံမရှိ၍ ထပြန်ခါနီး၌ သစ်ဆိုင်ရှင် ဦးဘိုးအုန်း၏ဇနီး ဒေါ်ပန်းသည် ဒေါ်သိန်းမိကို ပြုံးကြည့်လျက်

"လောလိုက်တာ နေစမ်းပါဦး"

ဟုတားနေသည်။

"မဖြစ်ဘူး မပန်းရယ်၊ လူမမာရှိနေတော့ ဘယ်မှ ကြာကြာမနေနိုင်ဘူး။ ဈေးဝယ်တာတောင် နောက်က ကျားလိုက်သလို ဝယ်ရတာ။ သူ့ဆီက စာမရောက်တာ ကြာသွားလို့ ဘာများဖြစ်နေလို့လဲ သိချင်လို့ ဒီဘက်လှည့်လာတာ၊ သွားဦးမှ"

ဒေါ်ပန်းသည် ဒေါ်သိန်းမိ၏ ထဘီစကို အတင်းဆွဲထားသည်။ ဒေါ်သိန်းမိမှာ တမင်ဆွဲနေသည်မှတ်၍ "နောက်မှလာမယ် မပန်းရယ်" ဟု ရုန်းရင်းပြောသည်။

"ရှင့်ကိုပြောစရာရှိလို့ တားနေတာ။ နေပါဦး၊ ကိုအေးမောင်ကြီး သတင်း ဘာလိုလိုကြားပါကလား"

ဒေါ်သိန်းမိသည် ကိုယ်ကိုကြွပြီးမှ မျက်လုံးမျက်ဆန်ပြူးပြူးဖြင့် အသာကလေးထိုင်ချလိုက်ကာ "ဘာကြားတာလဲ" ဟု မေးလိုက်သည်။

ဒေါ်ပန်းသည် မဲ့လိုက်လေ၏။ ဒေါ်သိန်းမိမှာ မျက်နှာ ပျက်နေလေသည်။

"ရှင်နဲ့ဘာတော်သလဲ၊ ရှင့်အိမ်ဝင်ထွက်နေတဲ့ မယ်ဟန်နဲ့ ညားနေသလိုလို တစ်မြို့လုံးပြောနေကြတာ ရှင်မသိဘူးလား။ မယ်ဟန်တို့ လင်မယားကွဲပြီး မယ်ဟန်က အခုရှင့်အိမ်ပေါ်မှာ"

ဒေါ်သိန်းမိသည် မိုက်ခနဲဖြစ်သွားကာ ရင်ထဲ၌ တဆတ်ဆတ်ခုန်

mgyoe.com

mgyoe.com


လာသည်။ စကားမပြောနိုင်အောင် ကြက်သေကြီး သေနေလျက် သူ့မျက်လုံးမှာလည်း ဝိုင်းနေလေ၏။

"ရှင့်လည်း ဒုက္ခပဲ။ ရှင့်သမီးက တစ်ဖက်၊ ယောက်ျားဆိုတာ ဒီလောက်ပစ်ထားလို့ ဖြစ်ပါ့မလားရှင်၊ လူရိုးဆိုတာ သင်္ချိုင်းကုန်းမှာရှိတာ"

ဒေါ်သိန်းမိသည် ဈေးခြင်းတောင်းကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ကတုန်ကယင်နှင့် ထလိုက်လေ၏။ ဒေါ်ပန်းမှာ မျက်စိမျက်နှာပျက်နေသော ဒေါ်သိန်းမိကို စိတ်မကောင်းစွာ စိုက်ငေးကြည့်နေသည်။

"ခေါင်းဖြူကြီး၊ ငါကတော့ လူရိုးပဲဆိုပြီး ဒီဘက်ကဆိုရင် ဘာမှမပူဘဲ စိတ်ချနေမိတယ်။ သိကြရောပေါ့အေ"

ဒေါ်သိန်းမိသည် အိမ်သို့ သုတ်သုတ်ပြန်ခဲ့လေသည်။ မီးဖိုထဲတွင် အယောင်ယောင်အမှားမှားဖြင့် ဟင်းအိုးတွေပျက်ကုန်ကာ တစ်ယောက်တည်း စိတ်တိုနေသည်။ သမီးကိုပြောရကောင်းမကောင်း စဉ်းစားဝေခွဲ၍ မရဖြစ်နေ၏။ သမက်သိမှာလည်း ရှက်လှသည်။

တစ်နေ့လုံး ဘာလုပ်လုပ် အလွဲလွဲအချော်ချော်ဖြင့် နေမထိ ထိုင်မထိဖြစ်နေသည်။ မအေးလှသည် အိပ်ရာထဲမှ အမေ ဘာဖြစ်ပါလိမ့်ဟု တွေးနေသည်။ မောင်မြဦးသည် ရုံးမှအပြန် ဒေါ်သိန်းမိကို မြင်မြင်ချင်း အမ်းသွားလေ၏။ သားအမိချင်း ရန်ဖြစ်ကြသလား၊ ဘာဖြစ်ကြသလဲဟု အမျိုးမျိုးတွေးကာ မျက်နှာပူသွားသည်။ ဒေါ်သိန်းမိမှာ မျက်နှာမပျက်အောင် သတိထား၍ မရနိုင်၊ မဖုံးနိုင် မဖိနိုင် သိသိသာသာကြီးမျက်နှာကြီးပျက်နေလေ၏။

ဒေါ်သိန်းမိသည် မအေးလှ အိပ်ရာမှ ထသွားနိုင်သည်အထိ မျိုသိပ်ကာ အောင့်နေရသည်။ ထနိုင်သည်နှင့် တစ်ပြိုင်နက် မော်လမြိုင်သို့ လေယာဉ်ဖြင့် လစ်လေ၏။ ကြားရသော သတင်းမှန်မမှန် အကဲခတ်ချင်၍ အကြောင်းမကြားဘဲ တိတ်တိတ်လာခဲ့သည်။

mgyoe.com

ခရီးရောက်မဆိုက် အိမ်ပေါ်၌ သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းထားသော မယ်ဟန်ကို တွေ့သည်။ ဦးအေးမောင်မှာ အိမ်၌မရှိချေ။ မျက်နှာထားကြီးနှင့် အိမ်ပေါ်တက်လာသော ဒေါ်သိန်းမိကိုမြင်၍ မယ်ဟန်မှာ မျက်စိမျက်နှာပျက်သွားကာ ကြောင်နေလေသည်။

"ငါလာတာ နှုတ်မဆက်နိုင်အောင် ညည်းဖြစ်နေတာက ဘယ်အချိုးလဲ"

ဒေါ်သိန်းမိသည် ခါးထောက်ပြီး အသံကျယ်ကျယ်ဖြင့် ခပ်ထန်ထန်ပြောလိုက်သည်။

မယ်ဟန်သည် အာစေးထည့်ထားသလို ဘာမှမပြောနိုင်ဘဲ တစ်ကိုယ်လုံး တုန်နေလေသည်။

"ညည်းကို ကျုပ်က အိမ်ကြည့်လိုက်ပါလို့ အပ်ခဲ့တာ၊ ကျုပ်လင်ပါ အပိုင်ယူတော့လို့ အပ်ခဲ့တာ မဟုတ်ဘူး"

မယ်ဟန်သည် မျက်ရည်ပေါက်များ ပေါက်ပေါက်ကျလာကာ "အစ်မရယ် တိုးတိုးပြောပါ"ဟု ရှိုက်ရင်းပြောလေ၏။

"ဘာလဲ လူသိမှာစိုးလို့လား၊ အထင်ကရ မဟုတ်ကြသေးဘူး။ လား၊ ကျေးဇူးကန်းတဲ့ မဟာဝါ၊ အခုဆင်း ငါ့အိမ်ပေါ်က အခုဆင်း"

ဒေါ်သိန်းမိသည် လမ်းမက လူသွားလူလာများကြားလောက်အောင် အော်ဟစ်ပြောလေ၏။

အော်ဟစ်ပြောဆိုပြီး ဒေါသကို မချုပ်တည်းနိုင်ဘဲ မယ်ဟန်ကို တအားလှမ်းချလိုက်သည်။

မယ်ဟန်သည် ဖြန်းခနဲ ဖြစ်သွားကာ ပူထူလာသည်နှင့် ကက်ကက်လန်အောင် ပြန်ရန်တွေ့လေ၏။

"ရှင့်အိမ်ပေါ်မှာ နေချင်လွန်းလို့နေတယ် မမှတ်နဲ့။ ရှင့်လင်ကြီးက ရှင်ပစ်ထားလို့ သူ့ကို သနားပါလို့ တောင်းပန်လွန်းလို့ ဒီလိုဖြစ်ရတာ၊

mgyoe.com

 mgyoe.com 

အခုမှ ဘာလာရမ်းနေသလဲ”

ဆူညံသံကြားသည်နှင့် အိမ်နီးနားချင်းများ ပြေးလာကြသည်။ ဒေါ်သိန်းမိကို ဝိုင်း၍ဆွဲထားကြ၏။ မယ်ဟန်မှာ ဆင်းသွားရကောင်းနိုးနိုး မဆင်းဘဲနေရကောင်းနိုးနိုး တွေဝေနေသည်။ အိမ်နီးနားချင်းများက အကျယ်အကျယ်မပွားရန် ရှောင်ပေးဖို့ရာ ဝိုင်းပြောတော့မှ သူ့အထုပ်သူဆွဲကာဆင်းသွားလေသည်။

မယ်ဟန်သည် ဦးအေးမောင်ရှိရာ ပွဲရုံသို့ တန်းသွားလေ၏။ ဒေါ်သိန်းမိသည် ဦးအေးမောင်ရှိရာပွဲရုံသို့ လိုက်သွားချင်လျက် အားလုံးက ဝိုင်းဖျောင်းဖျကြ၍ အိမ်အပြန်ကို စောင့်ဆိုင်းနေရသည်။ ဦးအေးမောင်သည် လူခြေတိတ် သန်းခေါင်ကျော်မှ အိမ်တံခါးကိုလာခေါက်သည်။ ဒေါ်သိန်းမိမှာ ဆတ်ဆတ်တုန်သွားလျက် တံခါးထဖွင့်လိုက်သည်။ ဦးအေးမောင်သည် မျက်လုံးဝင်းဝင်းနှင့်ဝင်လာလေ၏။

တစ်ညလုံး မျက်နှာချင်းဆိုင်ပြီး အကြီးအကျယ်ရန်ဖြစ်ကြလေ၏။ မိုးလင်းခါနီးတွင် ဒေါ်သိန်းမိသည် ရန်ဖြစ်ရင်း သူ့ပစ္စည်းအားလုံး ထုပ်ပိုးသိမ်းစုပြီးသွားသည်။

“ဒီလို သစ္စာဖောက်လို့တော့ ဘယ်တော့မှ မပေါင်းဘူးမှတ်၊ ဟင် ဆိုရင် တို့က လှည့်ကြည့်တဲ့ အစားမျိုးမဟုတ်ဘူး။ ပြတ်တယ်ဆို အပြီးပဲ။ ရှင့်ပစ္စည်းကို ရုံးကနေ တစ်ဝက်ခွဲတောင်းရမလား၊ ခွဲပေးမလား”

ဒေါ်သိန်းမိ နောက်ဆုံးပြောသော အသံထွက်လာသည်။

“မင်းမပေါင်းချင်ရင် ပြီးရော့ပေါ့၊ ရုံးတက်စရာမလိုပါဘူး။ ခွဲပေးမယ်၊ မနေချင် သွားနိုင်တယ်” ဟု ဦးအေးမောင်၏ နောက်ဆုံး အသံနှင့်အတူ အိမ်တံခါးဖွင့်သံ၊ ဆိုက်ကားထွက်သွားသောအသံဗလံများ ထွက်ပေါ်ဆူညံသွားကာ တဖြည်းဖြည်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

× × ×

mgyoe.com

# ၃

တတိယမြောက် 'အပု'ကိုမျက်နှာမြင်သောအချိန်၌ယခင်အိမ်တွင် မဟုတ်တော့ချေ။ အိမ်ကို ထိုးရောင်းကာ အကြွေးတွေ ဆပ်ရသည်။ အိမ်ဘေး၌ မြေကွက်ကလေး ချန်လျက် အိမ်ကလေးတစ်လုံး ဆောက်နေကြရသည်။

ကလေးနှစ်ယောက် နို့ဘူးစရိတ်၊ မကျန်းမာကြသည့်စရိတ်၊ မသာတုန်းကကုန်ကျခဲ့သည့် စရိတ်အထွေထွေဖြင့် အကြွေးတွေနှင့်နေသည်။ ကြွေးပူလှ၍ မောင်မြဦးမှာ အိမ်ကြီးကို မရောင်းချင်ရောင်းချင်ဖြင့် ရောင်းလိုက်ရကာ အကြွေးကျေအောင်ဆပ်လိုက်ရသည်။

အိမ်ပြောင်းနေကြပြီးကတည်းက မောင်မြဦးမှာ တစ်စစပြောင်းလဲနေသည်။ အိမ်တွင် ရွှင်ရွှင်ပျပျ ရယ်ရယ်မောမောနေတယ်လို့မရှိ။ ရုံးကပြန်လာလျှင် သူ့မျက်နှာမှာ အုံ့နေသောမိုးကဲ့သို့ မှုန်ငေးနေကာ သွက်သွက်လက်လက် အမူအရာမျိုးမရှိဘဲ လေးကွေးနေလေ၏။

"ညည်းကို ငါမွေးထားတုန်းက ဒီလိုမဟုတ်ပါဘူး။ အခုများဖြင့် ညည်းကြည့်ရတာ တစ်နေ့ထက်တစ်နေ့ အရုပ်ကြီးလိုပဲ၊ မလှုပ်ဘူး။ ကိုယ့်လင်ပြန်လာရင်လည်း စကားစမြည်ပြောလို့ဆိုလို့မဟုတ်ဘူး။ အစစအရာရာ ငါချည်းပဲပြောဆိုနေရတယ်။ မတုန်မလှုပ်နဲ့။ ညည်းကြည့်ရတာ ငါအားမရလိုက်တာအေ"

မအေးလှသည် အမေ ဘာပြောနေနေ သူ့အချိုးကို မပြင်ဘဲနေလေသည်။

ကလေးတာဝန်၊ အိမ်တာဝန်နှင့် မိုးလင်းက မိုးချုပ်အလုပ်များနေရသဖြင့် လင်နှင့်ထိုင်စကားပြောဖို့ရာ စိတ်ကူးထဲမှာ ပေါ်မလာ၊ အိမ်ထောင်သက်တစ်လျှောက်လုံး သူပြောစရာစကားမရှိသလောက် စကား

mgyoe.com

နည်းနေသည်။

ဒေါ်သိန်းမိမှာ မိုးလင်းရင် ဈေးသွား၊ ထမင်းဝိုင်းချက်၊ ကလေးထိန်း၊ အိမ်ကြည့်စသော အလုပ်များအပြင် သမက် ကြည်သာအောင်၊ သမက်ပျော်ရွှင်အောင် စကားထိုင်ပြောရသော ဝတ္တရားကိုပါ ဂရုစိုက်လုပ်ရပြန်သည်။ သူစကားမပြောလျှင် လင်မယားနှစ်ယောက် နှုတ်ဆိတ်နေကြ၍ အားမရတိုင်း သူချည်းပဲ ရှေ့ကကြောင်းမှ ရှေ့ကပြောမှ စကားပြောကြသည့် အခြေအနေမျိုးသို့ ရောက်နေလေ၏။

ဒေါ်သိန်းမိသည် သမီးကို ကြာလေအားမရလေ ဖြစ်မိတော့သည်။

"ညည်းနှယ်အေ . . .၊ ကလေးသုံးယောက် ရှိသေးတယ် တကတဲမှပဲ သနပ်ခါးတောင် မလိမ်းတော့ဘူး။ ညည်းကြည့်ရတာ အမေအိုကြီးကျနေတာပဲ"

"သြော် . . . အမေကလည်း၊ ဖြီးလိမ်းနေဖို့ ဘယ်မှာများ အချိန်ရှိသလဲ။ လိမ်းလည်း လိမ်းမနေချင်တော့ပါဘူး၊ ကလေးသုံးယောက်နဲ့ကို စိတ်ကုန်ပါတယ်"

ဒေါ်သိန်းမိသည် ဖင်မနိုင် ခေါင်းမနိုင် သားသည် အမေဖြစ်နေသော သမီးကို ကြည့်ကာ စိတ်ဆင်းရဲနေလေသည်။

"ညည်းအဖေနဲ့ ကျုပ်နဲ့ ကွဲတာ ညည်းကုသိုလ်ပဲ။ နို့မို့ရင်လား၊ . . . ညည်းကလေးတွေနဲ့ ညည်း နေပုံထိုင်ပုံနဲ့ လူမွေးပြောင်မှာ မဟုတ်ပါဘူး"

မအေးလှမှာ သူ့အမေစကားပြောတိုင်း သူ့အဖေအကြောင်း ပါတတ်သဖြင့် စိတ်လက်မချမ်းသာ ပိုဖြစ်ရသည်။ သူ့စိတ်ထဲ၌ သူ့အတွက်ကြောင့် အဖေနှင့် အမေ ကွဲရသည်ဟု ကျိတ်မြုံလျက် စိတ်ဆင်းရဲနေလေသည်။ ဖခင်အကြောင်း အမေ့ကို စပ်မိလို့မှ မပြောမိအောင်

mgyoe.com

ရှောင်နေကာ စကားနည်းနိုင်သမျှ နည်းအောင်နေသည်။

မအေးလှ စကားနည်းသလိုပင် မောင်မြဦးမှာ အိမ်ပြန်လာလျှင် ငုတ်တုတ်ကြီးနေတော့သည်။ တစ်ခါတစ်ရံ နေဝင်မိုးချုပ်မှ ပြန်လာ၏။

"မောင်မြဦး ဘာဖြစ်လို့ နောက်ကျနေသလဲ"

ဟု သူ့အမေက သူ့ကို မေးကြည့်သည်။

"အမေ မေးမကြည့်ဘူးလား၊ ကျွန်မ မေးမကြည့်ဘူး"

ဟု ပြောလိုက်သည်။

တစ်ပတ်တစ်ခါလောက်  အိမ်သို့နောက်ကျပြန်လာနေရာမှ တစ်ပတ်နှစ်ခါသုံးခါလောက် နောက်ကျပြန်လာသောအခါ၌ ဒေါ်သိန်းမိသည် သူက အရင်မမေးတော့ဘဲ သူ့သမီးမှတစ်ဆင့် မေးမြန်းကြည့်သည်။

"မသိဘူး အမေရဲ့ . . .၊ မေးမကြည့်ဘူး"

ဒေါ်သိန်းမိသည် မေးစမ်းကြည့်အောင် သွေးထိုးပေးသည်။ အိမ်ပြန်နောက်ကျသည့် ကိစ္စနှင့် ပတ်သက်၍ တွတ်တွတ် တွတ်တွတ်နှင့် သမီးမာန်လိုက် မဲလိုက်နှင့်ပင် မေးခိုင်းနေ၏။ မောင်မြဦး၏အရိပ်အခြည်မှာ တစ်နေ့ထက်တစ်နေ့ မူပြောင်းနေလေသည်။

"ကိုင်း . . . ညည်းမေးမလား၊ ကျုပ်မေးရမလား ပြောစမ်းပါဦး။ ညကိုးနာရီမှ ပြန်နေတာ၊ ကျုပ်က ညတိုင်းချည်း မေးနေရတော့ ကောင်းဦးမလား"

မအေးလှသည် တုတ်တုတ်မျှမလှုပ်ဘဲ သူ့အလုပ်ကို သူလုပ်နေချေသည်။ သူ့မျက်နှာမှာ အသက်ကင်းမဲ့သော မျက်နှာကဲ့သို့ ဘယ်အရိပ်အယောင်မျှမပြဘဲ သေနေလေ၏။

"ငါ့အပေါ် ဆက်ဆံတာတော့ အရင်အတိုင်းပဲ၊ ညည်းအပေါ်

mgyoe.com

mgyoe.com


ဆက်ဆံတာ ညည်းစိတ်ထဲ အရင်နဲ့တူတယ်လို့ ထင်ရဲ့လား . . .ဟင်"

ဒေါ်သိန်းမိက စိတ်ပူပန်စွာ မေးနေချေလျက် ဘာမှ ပြန်မပြော၍ ခပ်ငေါက်ငေါက် ထပ်မေးလိုက်သည်။

"အရင်လိုပါပဲ အမေရဲ့"

မအေးလှသည် အလုပ်ရှာ၍ ထသွားလေသည်။ ဒေါ်သိန်းမိမှာ အားမလို အားမရ မချင့်မရဲဖြင့် မျက်မှောင်ကြုတ်ကာ အံသာကြိတ်နေလေ၏။

မအေးလှ နေနိုင်သော်လည်း ဒေါ်သိန်းမိမှာ မနေနိုင်ချေ။ ခါတိုင်းလို ဆီးမေးရမှာလည်း ခါတိုင်းလိုမဟုတ်ဘဲ မူပျက်နေ၍ သူက နေ့ရှိသရွေ့ မေးရန် တစ်နေ့ထက်တစ်နေ့ ခက်နေသည်။

ပထမတွင် မသိချင်ယောင်နေ၏။ ထို့နောက် သုံးခါလောက်ရှိလျှင် တစ်ခါလောက် မေးကြည့်၏။ ရုပ်ရှင်ကြည့်သည်၊ စာဖတ်အသင်းသွားသည် ဟူသော အဖြေနှစ်ခုကို တစ်ခုပြီးတစ်ခု တစ်လှည့်စီ ဖြေလေသည်။ မေးရတာပင် ခက်လာလေသည်။

မောင်မြဦးသည် ညဆယ်နာရီက တစ်ခါတစ်ရံ တစ်ချက်နှစ်ချက်မှ ပြန်လာလေ၏။

ဒေါ်သိန်းမိမှာ အိပ်ရာထဲ၌ အိပ်ချင်ယောင်ဆောင်နေကာ မြူနားထောင်နေသည်။ မအေးလှသည် တံခါးထဖွင့်ပေးကာ ဘာမှမပြောဘဲ အိပ်ခန်းထဲသို့ ဝင်သွားလေသည်။ မောင်မြဦးသည် ထမင်းစားပွဲ၌ ထိုင်ကာ ထမင်းစားပြီးနောက် အိမ်ခန်းထဲသို့ ဝင်သွားကာ တံခါးပိတ်သံကြားရသည်။ ဒေါ်သိန်းမိသည် တစ်ချိန်လုံး နားစိုက်နေလျက် တံခါးပိတ်သံ ကြားရတော့မှ ဟင်းခနဲ သက်ပြင်းကြီးချကာ အိပ်တော့လေ၏။

သည်လိုနှင့်ပင် ရက်တွေလတွေကြာညောင်းလာ၏။ သမီးကို အကဲခတ်သည်။ အမျိုးမျိုးကျိတ်မေးသည်။ မအေးလှသည် ဘယ်လို

mgyoe.com

mgyoe.com

မေးမေး မလှုပ်ဘဲနေ၏။ မေးဖန်များလျှင် "အရင်အတိုင်းပါပဲ အမေရဲ့" ဟု ပြောကာ မူမပျက် မတုန်မလှုပ်ကြီး လုပ်နေလေ၏။

မအေးလှ မူမပျက်သော်လည်း မောင်မြဦး မူပျက်နေသည်မှာ အထင်အရှားဖြစ်နေ၏။ ရှေးက ပါးစပ်ဖျားတွင် သား . . .သား. . . ဟု သီးနေခဲ့သော စကားလုံးတို့သည် တစ်စစစဲသွားချေပြီ။ ယောက္ခမနှင့် ကြာရှည် မျက်နှာချင်းမဆိုင်ရဲသလိုလို ရှောင်ဖယ်ဖယ်လုပ်နေသော မူဟန်များမှာ သိသာထင်ရှားလာလေသည်။ အိမ်ပြန်နောက်ကျသည့်ကိစ္စသည် အမေးရခက် အတွေးရခက်ကာ ဒေါ်သိန်းမိရင်ထဲ၌ မတင်မကျချည်းဖြစ်နေတော့သည်။ လခထုတ်လာလျှင် တစ်ပြားမကျန်အပ်သဖြင့် တောင်တောင်အီအီလည်း မတွေးရဲချေ။

"ဘာများ စိတ်တိုင်းမကျလို့လဲ"

ဟု အမျိုးမျိုးအဖုံဖုံ အလိုစမ်းကြည့်ပြန်သည့်တိုင် ထူးခြားချက်မရှိ၊ ရုပ်ရှင်ကြည့်နေ၍ စာဖတ်အသင်းသွားနေ၍ ဟူသောအဖြေဖြင့် အိမ်ပြန်နောက်ကျသော ရက်တွေလတွေသာ ကုန်လာခဲ့ကာ တွတ်နီကလေး ကိုယ်ဝန်ရှိလာလေသည်။

ဒေါ်သိန်းမိသည် သမီးက ဘာမှမလှုပ်သဖြင့် မောင်မြဦး အိမ်ပြန်နောက်ကျသောကိစ္စမှာ ရက်တွေကြာတော့လည်း ရိုးသွားလေသည်။

အမှန်စင်စစ် သမက်ပဲ အားကိုးရန် ရှိတော့သည်။ ပစ္စည်းခွဲဝေပေးမည်ဟု ဦးအေးမောင်က ပြောသာပြောလျက် ပစ္စည်းခွဲဝေခန်းသို့ မရောက်နိုင်ဘဲ သမီးအိမ်ထောင်နှင့် လုံးချာလည်နေကာ မော်လမြိုင်သို့ မသွားနိုင်ချေ။ ရုတ်တရက် မော်လမြိုင်သွားရန်လည်း ရှက်နေ၏။ ပစ္စည်း ဘာလုပ်ဖို့တုံးဟု စိတ်အားတင်းကာ ဦးအေးမောင်အပေါ်၌ အခဲမကျေနိုင်အောင် ဖြစ်နေတုန်းပင် သမက်က ကြည်ကြည်ဖြူဖြူရှိသားပဲဟု သမက်နှင့် လှည့်ဖြေကာနေရသည်။

mgyoe.com

mgyoe.com

ဒေါ်သိန်းမိသည် ဦးအေးမောင် အကြောင်းကို မတွေးမိအောင် စိတ်ကို တတ်နိုင်သမျှ ချုပ်ထားသည်။ မော်လမြိုင်ကအသိများမြင် လျှင် ဝေးဝေးက ကွေ့ရှောင်သည်။

ဈေးသွားဈေးပြန် ခေါင်းငိုက်စိုက်ဖြင့် ခပ်သုတ်သုတ် သွားပြန်နေစဉ် တစ်နေ့တွင် မော်လမြိုင်မှ မိတ်ဆွေတစ်ဦး၏သားက ဈေးထဲ၌ ဈေးဝယ်နေတုန်း ပခုံးလာကိုင်နှုတ်ဆက်သည်။

"ဟော့ . . . မောင်ထွန်းပါလား။ မင်း ရန်ကုန်မှာ အလုပ်လုပ်တယ်ဆို၊ တို့အိမ်တောင် မလာဘူး"

မောင်ထွန်းသည် မျက်နှာပျက်ပျက်ဖြင့် ပြုံးနေသည်။

"မောင်မြဦးရုံးကို မင်းတစ်ခါတလေ ရောက်တယ်ဆို၊ ငါလည်း မောင်မြဦးပြောမှ မင်း ဒီမှာ ရှိမှန်းသိတယ်။ ဘာဖြစ်လို့ အိမ်မလာသလဲကွဲ့"

မောင်ထွန်းသည် လက်ကို ဖော့ယမ်းလျက် ပြုံးစိစိလုပ်နေကာ ဒေါ်သိန်းမိကို မကြည့်ဘဲ ဈေးတန်းကြီးကို ငေးကြည့်လျက် ဆက်ပြောလိုက်သည်။

"မလာတာတော့ ကြီးကြီးရာ၊ ကျွန်တော်က သူတို့ကြားထဲ ရှုပ်တယ်ဖြစ်မှာစိုးလို့ပါ။ ကြီးကြီးသမက်အကြောင်း ကြီးကြီး သိတယ် မဟုတ်လား"

ဒေါ်သိန်းမိ၏ခေါင်းသည် ပုဝင်သွားကာ မျက်တောင်များ တဖျပ်ဖျပ်ခတ်လျက် မောင်ထွန်းစကားဆုံးမိ ဝင်ပြောလေသည်။

"နေပါဦးကွဲ့ နေစမ်းပါဦး။ မောင်မြဦးအကြောင်း မင်းသိသလား၊ မင်းသိတာကြာပြီလား"

ဒေါ်သိန်းမိသည် သိချင်ချင်ဖြင့် မြန်မြန်ပြောအောင် အစ်လိုက်သည်။ ငယ်ထိပ်ထဲ သွေးရောက်လာကာ မူးဝေဝေပေင် ဖြစ်လာလျက်

mgyoe.com

mgyoe.com


ရင်တွေ ပန်းတွေ တုန်လာလေသည်။

"ကြာပါပြီ ကျွန်တော်သိတာ၊ သူတို့မှာ နောက်ပိုင်း ကလေးတစ်ယောက်ပဲ ရနေပြီဟာ"

ဒေါ်သိန်းမိသည် မိုက်ခနဲ ဖြစ်သွားလေ၏။ လမ်းပေါ်၌ လဲမကျသွားအောင် ကြိုးစား၍ သတိကျပ်ကျပ်ထားကာ မွန်ထူပြောလိုက် သည်။

"သူ့ဟာမက ဘယ်ကလဲကွဲ့"

"ကြီးကြီး မသိသေးဘူးလား၊ သူ့ရုံးက စာရေးမပဲ။ အရင်ယောကျာ်းနဲ့ကွဲပြီး သူနဲ့ တစ်ခါညားနေတာ၊ သူတို့ရတဲ့ကလေးပဲ ကြီးလှပြီ။ ဒီမိန်းမက သိပ်အပြုအစုကောင်းတာပဲ၊ ကြီးကြီးသမက်ကို သိပ်ယုတာပဲ။ ကလေးရှိပေမဲ့ ပိုက်ဆံတစ်ပြားမှမယူဘူး၊ သူက အကုန်ခံလိုက်သေးသတဲ့"

ဒေါ်သိန်းမိသည် ခေါင်းကို ဆတ်ဆတ်ညိတ်ပြလျက် အသည်းထဲ စိမ့်နာသွားကာ ဘာပြန်ပြောရမှန်းမသိချေ။ သိချင်ယောင်ဆောင်ကာ ဖြတ်သန်းမေးနေသော မျက်နှာပေးကို မပြောင်းမိအောင် ဣန္ဒြေဆယ်နေရသည်။ သိပ်အပြုအစုကောင်းတယ်၊ သိပ်ယုယတယ်ဆိုသဖြင့် သူ့ရင်ထဲ၌ လှုပ်ရှားနေကာ နှလုံးကိုလေရိုက်နေသဖြင့် မူးမလဲအောင် သတိကျပ်ကျပ်ထားနေရသည်။

ဒေါ်သိန်းမိသည် မောင်ထွန်းကို ဘယ်လိုပြန်နှုတ်ဆက်လိုက်မှန်းပင် မသိ၊ ဝယ်စရာချမ်းစရာကျန်တာတွေလည်း မမှတ်မိ။ ဘာမှသတိမရဘဲ ကျပ်မွှန်နေကာ သူ့ခြေထောက်မှာ အိမ်ဘက်သို့ သုတ်သုတ်လှမ်းနေတော့သည်။

မီးဖိုထဲ၌ မအေးလှသည် မျက်ရည်မကျစေအောင် စိတ်ကို ခိုင်ခိုင်ကြီးထားလျက် သူ့ခေါင်းကို ငုံ့ထားသည်။

"ညည်းသိရမယ်။ ညည်းမသိဘူးဆိုတာ မဟုတ်ဘူး"

mgyoe.com

mgyoe.com

မအေးလှသည် ဈေးကအပြန် အလောသုံးဆယ်စစ်ဆေးမေးမြန်းနေသောအမေကို "မသိပါဘူး"ဟု ဘူးကွယ်ငြင်းဆိုနေသည်။

"တော်တယ်ဆိုမှ ယောက်မမြင်းစီးထွက်တယ်၊ ရိုးမလိုလိုနဲ့ အာဂအကောင်။ အချိန်မတော် ပြန်နေကတည်းက ခြေလှမ်းပျက်ပါတယ်လို့ ငါပြောနေတာ အရင်အတိုင်းပါပဲဆို။ ကဲ . . . ဘယ်နှယ့်လဲ ဟိုမှာ ကလေးတစ်ယောက်နဲ့တဲ့၊ ညည်းသိရဲ့လား"

ဒေါ်သိန်းမိသည် တိုးတိုးတိတ်တိတ် စစ်နေရာက အသံကျယ်လာသည်။ မအေးလှမှာ မောင်မြဦး နိုးသွားလျှင် မကောင်းမှာစိုး၍ စကားရှည်ရှည်မပြောဘဲ ဘူးခံနေသော်လည်း အခြေအနေမှာ ဆိုးလာလေကာ သူ့အမေပါးစပ်ကို ဘယ်လိုပိတ်ရမှန်း မသိအောင် အကြံရကျပ်နေလေ၏။

"အမေရယ် တိုးတိုးပြောပါ"

"အောင်မယ် ဒါမျိုးကျရင် ငါက မတိုးဘူး၊ ခုနစ်သံဟစ်မှာ။ ညည်းသိသလား၊ မသိဘူးလား မှန်မှန်ပြောစမ်း"

မအေးလှမှာ မျက်နှာသေလေးဖြင့် မလှုပ်ဘဲနေ၏။

"ငါမေးနေတာ မထုံတက်သေးနဲ့ ဘာလဲ"

ဒေါ်သိန်းမိ၏ အသံမှာ အခန်းထဲမှ ကြားလောက်၍ မအေးလှမှာ ရေငုံမနေနိုင်တော့ဘဲ တိုးတိတ်သောအသံလေးဖြင့် ပြောလေသည်။

"သူပြောလို့ သိတာပဲ အမေရဲ့၊ ဘယ့်နှယ်လုပ်တော့မလဲ။ ဟိုမှာလည်း ကလေးရှိနေပြီဆိုတော့"

"အောင်မယ်လေး လူချင်းလဲလိုက်ချင်တယ်၊ မအေ့သမီး မအေလိုလာမလား မှတ်ပါတယ်၊ ချင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင်မယ်။ ငါက ဒါမျိုးဆိုရင် တစ်ရက်မပေါင်းဘူး"

မအေးလှသည် ပြောချင်ရာပြောပေ့စေဟု ငုံ့နေလေသည်။ သူ့

mgyoe.com

mgyoe.com


အမေက သူ့အဖေကို မာနထောင်နိုင်သော်လည်း အမေအိမ် အဖေ့အိမ် ပြန်နေစရာမရှိသော သူ့ဘဝမှာ မာနမထောင်နိုင်သဖြင့် ကလေးတွေနှင့် ဖြစ်သမျှ စင်းခံဖို့ရာသာ ရှိသည်ဟု တွက်ထားပြီး ဖြစ်သည်။

ဒေါ်သိန်းမိသည် သမီးက မတုန်မလှုပ်ဖြစ်နေသဖြင့် ပိုမို၍ ဒေါသထွက်လာကာ မျက်စိထဲ ဘာမှမမြင်ဘဲ သမက်ကို ဓားနှင့်သာ အပိုင်းပိုင်းခုတ်ပစ်ချင်သလောက် စိတ်ထွက်နေလေ၏။

"ညည်းကို ကလေးရမှပြောတာဟာ ဘယ်တုန်းက ညားနေသတဲ့လဲ ပြောစမ်း"

"ကျွန်မမီးယပ်ကျိုး ကျိုးပြီး မမာနေတုန်းက အဲဒီမိန်းမနဲ့ စဖြစ်မိတယ်တဲ့၊ အမာလေး မွေးတုန်းက အမေရဲ့"

"အံပါရဲ့အေ၊ ဘာကိစ္စ ငါ့ကို ညည်းဖုံးထားသလဲ ပြောစမ်း ပြောစမ်း"

မအေးလှမှာ သည်မျှလောက်နှင့် ပြီးလိုက်ချင်သည်။ မပြောမချင်း ရှည်နေမှာကြောင့် အုပ်ဆိုင်းဆိုင်းအသံဖြင့် ဖြေနေသည်။

"အမေလည်း အဖေနဲ့ကွဲလာတော့ ကျွန်မ မပြောချင်တာနဲ့ မပြောတာပါ အမေရယ်"

မအေးလှအသံမှာ တုန်နေလေ၏။ ဒေါ်သိန်းမိမှာ ငိုင်သွားလေ သည်။ ငိုင်နေရာမှ မကျေမချမ်းအသံကြီး ထွက်လာပြန်သည်။

"ညည်းကိုပြောတော့ သူတို့ကလေးရပြီးမှ ပြောသလား၊ မရခင်က ပြောသလား"

"မရခင်ဘဲ ပြောပါတယ်"

"ဒါနဲ့များ ညည်း တစ်ယောက်ပြီးတစ်ယောက် ကလေးမွေးနေရ သေးလားဟင်"

ဒေါ်သိန်းမိသည် စက်ဆုပ်ရွံရှာသော မျက်နှာထားနှင့် အော်ဂလီ

mgyoe.com

mgyoe.com


ဆန်သလို ပြောလိုက်သည်။ ပြောပြီးမဲ့နေ၏။

မအေးလှသည် ရင်ထဲ၌ အလိပ်လိပ်တက်လာလျက် လှိုင်းခွပ်နေသော်လည်း မျက်ရည်မကျစေအောင် စိတ်ကို ခိုင်ခိုင်ကြီး တင်းထားလေသည်။ သူ့အမေ ခြေရာနင်းရန် သူ့စိတ်ထဲ၌ မရှိဘဲ သူ့အမေ ခြေရာမနင်းရန် သူ့စိတ်ကို ပိုင်ပိုင်ကြီး ဆုံးဖြတ်ထားခဲ့သည့်အတိုင်း သူ့အမေက ဆဲဆဲဆိုဆို ခံဖို့သာ ရှိတော့သည်ဟု အောက်မေ့သည်။

ဒေါ်သိန်းမိသည် ထိုနေ့ကစ၍ မောင်မြဦးကို စကားလုံးလုံး မပြောတော့ပေ။ သူ့စိတ်ထဲ၌ သမီးနှင့်သမက်ကို အကြိမ်ကြိမ်ခွဲကြည့်နေသည်။ သူတို့လင်မယားခွဲပြီး သူတို့သားအမိကို သူက ဈေးရောင်းကျွေးရန် အခါမလပ်စဉ်းစား စိတ်ကူးလည်းကြည့်၏။ စဉ်းစား စိတ်ကူးနေခိုက် မော်လမြိုင်၌ မီးလောင်သော သတင်းကြားရသည်။ အိမ်ကြီးရော ပွဲရုံပါ မီးထဲပါသွားသည်ဟု သိရသည်။

ဒေါ်သိန်းမိ စဉ်းစားစိတ်ကူးနေသော ကြံလုံးဖန်လုံးတို့ ပျောက်သစ်ကိုင်းလွတ် ဖြစ်သွားရလေသည်။ မော်လမြိုင်အကြောင်းကို ထည့်၍မျှ မစဉ်းစားချင်တော့ပေ။ ဦးအေးမောင်ကို သေသလို အောက်မေ့ထားလိုက်သည်။ မော်လမြိုင်အကြောင်းကို ဖျောက်၍ရနိုင်သော်လည်း သမက်အကြောင်းမှာ ဖျောက်၍မရဘဲ မျက်စိရှေ့မှောက်၌ နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲလျက် အကုသိုလ်ဖြစ်နေလေသည်။

ဒေါ်သိန်းမိ စကားမပြောကတည်းက မောင်မြဦးမှာ သူ့အကြောင်း သိသွားပြီဟု ရှန့်တန့်တန့် ဖြစ်သွားသည်။ ယောက္ခမကို မျက်နှာပူပူဖြင့် ရုံးပိတ်သည့်နေ့တွင် အိမ်၌ မနေချေတော့ဘဲ မိုးလင်းတာနဲ့ ထွက်လေ၏။ ညဉ့်နက်သန်းခေါင်မှ ပြန်လေ၏။ အိမ်နေလျှင် မယားကလည်း စကားနည်းနည်း၊ ယောက္ခမကလည်း စကားမပြော။ အပါတို့ အမာတို့နှင့်သာ စကားပြောနေရသည်။ သားသမီးတွေနှင့် ဆော့ကစား

mgyoe.com

mgyoe.com


နေသလို အဖော်လုပ်နေလေကာ အချိန်ကျလျှင် ထွက်သွားလေ၏။

ဦးအေးမောင်နှင့် ကွဲလာခဲ့စဉ်က သမက်ကို ရက်ရက်ဖြင့် အတော်ကြာကြာ ဖုံးဖိထားပြီး အတန်ကြာမှ ဖွင့်ပြောပြသည့်အခါ၌ မောင်မြဦးသည် ချီသည် ခါးသည် ဘာမှ ဝင်မပြောဘဲ ဆိတ်ငြိမ်စွာ နားထောင်လျက်နေသည်။ အဖေတစ်ယောက်လုံး ဖြစ်နေ၍ဆိုးသည် ကောင်းသည် ဘာမျှမပြောဘဲနေတာပဲဟု ထင်မှတ်မိခဲ့သည်။ သမက်အကြောင်းသိရတော့မှ အတူတူနှင့် အနူနူမို့ မြုံနေတာဟု ခုမှပဲ စားမြုံ့ပြန်ကာ သမက်ကွယ်ရာတွင် စပ်မိတိုင်း ဆဲဆိုနေလေသည်။

မအေးလှသည် သူ့အမေ ဘယ်လိုဆဲဆဲ မကြားသလိုလုပ်နေသည်။ သူ့လင် ဘယ်အချိန်ပြန်ပြန် တံခါးဖွင့်ပေးလိုက်သည်။ ဘယ်အခါကြည့်ကြည့် သူ့မျက်နှာမှာ ပြုံးသည် ရယ်သည်မရှိ။ မျက်နှာမှာ အစဉ်သဖြင့် မျက်နှာသေကလေးနှင့် ဖြစ်သည်။ အိမ်ကလေးထဲတွင် အမေနှင့် ခပ်လှမ်းလှမ်း သို့မဟုတ် လင်သားနှင့် ခပ်လှမ်းလှမ်းနေရာမျိုးကိုရွေးကာ အလုပ်နှင့် လက်နှင့် မပြတ်ဘဲ ခပ်ကုပ်ကုပ် ခပ်ရှောင်ရှောင်လုပ်နေတတ်သည်။

သမီးက ဘာမှဖြစ်ပုံမပြဘဲ မှန်မှန်ကြီး သူ့အချိုးအတိုင်း တွေ့နေရ မြင်နေရလေလေ ဒေါ်သိန်းမိမှာ မျက်ရည်တကျကျတည်း ကျနေ လေလေဖြစ်နေပေ၏။ ကြားသိစက ဒေါသကို မထိန်းနိုင်ဘဲ ပေါက်ကွဲသွားပြီးနောက် ရင်ထဲ၌ တမြည့်မြည့်ဆွေးချည်တစ်လှည့်၊ ရင်ထဲ၌ တမြိုက် မြိုက်လောင်ချည်တစ်လှည့်ဖြင့် တစ်နေ့ထက်တစ်နေ့ ရင်ထဲ၌ မချမ်းသာကာ ပိန်ချုံးကျသွားလေ၏။

မအေးလှသည် အိမ်ထဲတွင် စက်ရုပ်ကဲ့သို့ မူမပျက်၊ အချိန်ရှိသရွေ့နှင့် သူ့အရှိန်နှင့်သူ လည်နေလေကာ အပြင်တွင် ကလေးတစ်ယောက် လေးဖက်တွားလျှင် ဝမ်းထဲ၌ ပဋိသန္ဓေရှိနေကျအတိုင်းပင်

mgyoe.com

mgyoe.com


ကလေးငါး ယောက်မွေးခဲ့ပြီးနောက် ယခုလည်း ပူတူးမလေးဖက်ထောက် သည့်အခါတွင် ကိုယ်ဝန်ကြီးနှင့် ခြေထောက်များ ဖောရောင်နေကာ တစ်လလောက် အိပ်ရာထဲ လဲနေခြင်းဖြစ်သည်။

× × ×

## ၄

သန်းခေါင်ကျော်သွားလေပြီ။ အပြင်ဘက်တွင် ပြင်းထန်စွာ လေတိုက်နေသည်။ လေသံတွေထဲတွင် မိုးသံပါ ပေါင်းလာလေသည်။ မကြာမီ မိုးရေတို့သည် တံခါးကို တဖြန်းဖြန်း လာရိုက်နေကြသည်။

ဒေါ်သိန်းမိသည် အပြင်ဘက်မှ လေသံမိုးသံများကို သတိမထားမိချေ။ သူ့အတွေးနှင့်သူ နောက်ကြောင်းတွေကို အစမှအဆုံးတိုင် ပြန်ပြောင်းလျက် တစိမ့်စိမ့် တွေးနေတုန်းပင်။

သူ့အတွေးတို့ဖြင့် သူ့ရင်တွင်း၌ လေမုန်တိုင်းကြီး ဆင်နေသည်မှာ အပြင်ဘက်မှ မိုးသံလေသံထက်ပင် ပြင်းထန်နေချေသည်။ ဒေါ်သိန်းမိသည် တစိမ့်စိမ့် တွေးရာမှာ တစိမ့်စိမ့် နာကျင်ခံခက်လှကာ တဆတ်ဆတ် တုန်နေချေသည်။ တစ်ချိန်လုံး ဒေါသနှင့် သည်မာနကို ထိန်းနိုင်မည့် သိမ်းနိုင်မည့်အရာကိုလည်း သူမတွေးမိနိုင်ချေ။ ရင်ထဲ၌ ပင်ပန်းဆင်းရဲနေသော ဒုက္ခကို ငြိမ်းအေးသွားစေရန်သောအရာသည် မရှိဘူးမဟုတ်၊ ရှိသည်။ သူ့ဘက်မှသူ သူ၏ချို့ယွင်းချက်များကို ပြန်လှန်ပြီး တွေးမြင်မိမည်ဆိုလျှင် ဒေါသနှင့် မာနသည် သူ့ရင်ထဲမှ ရွေ့လျော သွားကာ သက်သာရာ ရစရာရှိပေသည်။ သို့ရာတွင် ဒေါ်သိန်းမိသည် သူ့ဘက်မှ ချို့ယွင်းခဲ့လေသော ချို့ယွင်းချက်တွေကို တစ်စက်မှမတွေးမိချေ။ မျက်မှောက်တွေ့ကြုံခံစားနေရသော ဒေါ်သိန်းမိ၏ဒေါသမီးကို

mgyoe.com

mgyoe.com


ရဲသထက်သာ ရဲလာစေသည်။

ခြင်ကောင်တွေ ဝိုင်းခဲထား၍ ဒေါ်သိန်းမိ၏ တစ်ကိုယ်လုံး ပူထူနေပြီ။ အသက်အရွယ်နှင့်မလိုက် တစ်နေ့လုံး ဖတ်ဖတ်ဆာ မောပန်းလာခဲ့ပြီးနောက် သန်းခေါင်ချဉ်းသည်အထိ မမှေးရသေးသောဘဝကို အခါခါနာကြည်းနေသော ဒေါ်သတို့သည် မိုးမွှန်၍သာနေလေရာ အပြင်ဘက်မှ တဒုန်းဒုန်းထုနေသော အသံကိုပင် သတိမပြုနိုင်ချေ။ တဒုန်းဒုန်း ထုနေသော အသံများသည် နားမခံသာအောင် ဆင့်ကဲဆင့်ကဲ ကျယ်လောင်လာသည်။

ထိုအခါမှ ဒေါ်သိန်းမိသည် တံခါးကို လှမ်းကြည့်လိုက်သည်။ ထမဖွင့်ဘဲ နေလိုက်ချင်သည်။ ထမဖွင့်ဘဲ ထားလိုက်ချင်သည်။ အပြင်မှ ထုနေသော တဒုန်းဒုန်းအသံများသည် ဆင့်ကဲဆင့်ကဲ ထုနေရာမှ အဆက်မပြတ် တစ်ဆက်တည်း ထုနေလေရာ အိမ်ကလေးပါသိမ့်သိမ့်ခါ၍ နေချေသည်။

ဒေါ်သိန်းမိသည် ဘယ်ဘဝရောက်ရောက် မဖွင့်ပေးဘူးဟု စိတ်ကို တင်းထားလိုက်သည်။ စိတ်ကို တင်းကြည့်လိုက်မှ သူ့စိတ်နှင့်သူ့ကိုယ်မဟုတ်သောဘဝကို ပြန်မြင်သဖြင့် တားမရဆီးမရ မျက်ရည်ပေါက်ကြီးများ တစ်ပေါက်ပြီးတစ်ပေါက် ယိုစီးကျလာပြန်သည်။

ဒေါ်သိန်းမိသည် မျက်ရည်သုတ်ပြီး ထိုင်နေရာမှ ကျုံး၍ထသည်။ မောပန်းသဖြင့် တံခါးနားတွင် တစ်ခဏမှီနေရ၏။ သူ့လက်များမှာ ဆတ်ဆတ်တုန်နေလေသည်။ သူသည် တံခါးမင်းတုပ်ကို ကိုင်ထားလျက် တစ်စက္ကန့်လောက်အတွင်း သူ့ခေါင်းမှာ ချာချာလည်နေသည်။ မင်းတုပ်ကို ဆွဲချလိုက်ရန် အလွန်ဝန်လေး ခက်ခဲနေချေသည်။ တစ်မိနစ်လောက်ဝန်လေး ခက်ခဲဆုတ်ဆိုင်းနေပြီးမှ တုန်တုန်ချည့်ချည့်ဖြင့် ဖွင့်လိုက်ရသည်။

mgyoe.com

mgyoe.com


ချောက်ကနဲ တံခါးပွင့်သွားသောအခါ မိုးရေတို့သည်အထဲသို့ ဖြန်းခနဲ တအားပက်စဉ်ဝင်လာကြသည်။ သူ့ရှေ့၌ မျက်လုံးဝင်းဝင်းနှင့် မြင်လိုက်ရသော မောင်မြဦး၏ မျက်နှာသည် သူ့မျက်လုံးထဲ၌ လင်မယား ချင်းကွဲခဲ့သော ညက မျက်လုံးဝင်းဝင်းနှင့် ဦးအေးမောင် ဖြစ်နေတော့ သည်။

❑

mgyoe.com

mgyoe.com

# လှတစ်မျက်နှာ

လှမြတ်သက်မူ၏ အမည်ရင်းမှာ မလှမူဖြစ်သည်။ ကောလိပ်ကျောင်းသို့ ရောက်သည့်နှစ်တွင် ကောလိပ်ကျောင်း၌ မူမူဟု အမည်တွင်ကာ မူမူဟူ၍ လူသိသူသိများခဲ့၏။

မယ်တက္ကသိုလ် အရွေးခံရသည့်နှစ်၌ တိုင်းသိပြည်သိ သတင်းစာထဲတွင် ပုံနှိပ်စာလုံးနှင့် နာမည်ဖော်ပြ ကြေညာအံ့ဆဲဆဲ သတင်းထောက်များကို လှမြတ်သက်မူ ဟူ၍ စိတ်တိုင်းကျ နာမည်ရှည်ကြီးဖြည့်စွက်မှည့်ပေးလိုက်လေ၏။

ထို့ကြောင့် မလှမူသည် မူမူအဖြစ်မှ လှမြတ်သက်မူ ဖြစ်လာရလေသည်။ လှမြတ်သက်မူ ဆိုသော အမည်သည် မယ်တက္ကသိုလ် အရွေးခံရသည့်နှစ်၌ တစ်ကြိမ်၊ ဘီလပ်ပြန်ကိုဘမောင်နှင့် မင်္ဂလာဆောင်စဉ်က တစ်ကြိမ်၊ ဤနှစ်ကြိမ်သည်သာလျှင် ပုံနှိပ်စာလုံး၌ အမည်တွင်လိုက်ရလေသည်။ ယခုတော့လည်း မစွက်ဘမောင် ဖြစ်နေရ၏။

မူမူသည် သံရုံးတစ်ရုံးမှ ပေးပို့လိုက်သော ဖိတ်စာကတ်ကို ခုံပေါ်မှ ဆွဲယူကာ အိပ်ချင်မပြေ့တပြေ မျက်လုံးဖြင့် ဖတ်ကြည့်သည်။ ဖိတ်စာထဲ၌ မစ္စတာနှင့် မစ္စက်ဘမောင်ဟု ပါရှိ၏။ ယဉ်ကျေးမှုအဖွဲ့နှင့်

mgyoe.com

mgyoe.com


မိတ်ဆက်တွေ့ဆုံရန် သံရုံးကဖိတ်ကြားခြင်းကြောင့် ဧည့်ခံပွဲ၌ ယဉ်ကျေးမှုကပွဲ ကပြလိမ့်မည်ဆို၍ သွားချင်စိတ် ပေါ်လာလေသည်။

မူမူသည် ဖိတ်စာကတ်ကို ခုံပေါ်သို့ ပြန်တင်လိုက်သည်။ လက်မြှောက်၍ နာရီကြည့်လိုက်သည်။ ညနေလေးနာရီမထိုးသေး၍ စောသေးသည်ဟု မျက်လုံးများ မှိတ်လျက် ပြန်မှိန်းပြန်သည်။

မူမူ့ဘေးတွင် ကိုဘမောင် အိပ်မောကျနေသည်။ ကိုဘမောင်မှာ နေ့လယ်တစ်နာရီလောက် ထမင်းစားပြီး တစ်ရေးအိပ်တတ်၏။ ညနေငါးနာရီလောက်ထမှ အိပ်ရေးဝသွားသည်။ မူမူသည် ကိုဘမောင်နှင့် လက်ထပ်ပြီးနောက် နံနက်ထမင်းစားပြီး ကျောခင်းရမှ ခေါင်းမကိုက်တတ်သူမို့ နေကုန်နေခန်း အိပ်တတ်ကြသည့်အကျင့်ချင်း တူကြလေသည်။

မူမူတို့လင်မယားမှာ နတ်ဖက်သည့်လင်မယားဟု လူပြောများသည်။ အအိပ်စုံမက်သလို အစားစုံမက်ရာ၌လည်း နာမည်ရလောက်အောင် ဖက်မိကြသည်။ ညစာထမင်းစားပြီး တင်းမတိမ်တတ်ခြင်းကြောင့် ညတိုင်းဆိုသလိုပင် အိမ်ကထွက်သည်။ တရုတ်တန်း၊ ကုလားတန်းသို့ တစ်ပတ်ကျော့မှသာ ဝမ်းအေးသွားကြသည်။

ကိုဘမောင် ဘိလပ်မှ ပြန်ကာ မူမူနှင့် လက်ထပ်ပြီးကတည်းက ပင်ပင်ပန်းပန်းအလုပ်လုပ်သူ မဟုတ်ပေ။ လခစား အစိုးရအလုပ် လုပ်ရန် စိတ်ပျက်သည်ဟုအကြောင်းပြကာ ရှောင်သည်။ စက်မှု လက်မှု ကိုယ်ပိုင်လုပ်ငန်းကြီးတစ်ခုခု တည်ထောင်ရန် မူမူ၏မိဘများ က အရင်းအနှီး ထုတ်ပေးမစချင်သည်ကိုပင် ခေါင်းရှုပ်စရာ တာဝန်ဟူဟူသရွေ့တို့နှင့် လွတ်လွတ်ကင်းကင်းရှိအောင် ငြင်းလေသည်။

ကိုဘမောင်သည် လက်ထပ်ပြီး ဝတ်လုံတော်ရ ဆိုင်းဘုတ်ကလေးကို မဟာဗန္ဓုလလမ်း၌သွားချိတ်ထားလိုက်ကာ ဆယ်ရက်နေမှ

mgyoe.com

mgyoe.com

တစ်ရက်လောက် ရုံးတက်သူဖြစ်သည်။

ကိုဘမောင်မှာ သားသမီးမရှိ၊ အိမ်ထောင်သက် တစ်လျှောက်လုံး ပူပင်ကြောင့်ကြကင်းသည်။ မူမူနှင့် လက်ထပ်ပြီး ငွေတိုးချေးစားသော ယောက္ခမတိုက်ပေါ်တွင် ရုံးတက်ချင်မှ တက်သောအလုပ်နှင့် ငါးနှစ်ခန့် အေးအေးဆေးဆေး နေခဲ့လေသည်။ ယောက္ခမများ သေဆုံးကုန်၍ ခယ်မအိမ်ထောင်စုနှင့် အတူတူ စုနေကြရာ မျက်နှာပူတော့မှ ယောက္ခမ တိုက်ပေါ်မှ ဆင်းခဲ့ပြီး ဦးလေးအိမ်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။

ကိုဘမောင်၏ ဦးလေး အတွင်းဝန်ဦးဘသောင်းမှာ သားမယား မရှိ၊ မုဆိုးဖိုကြီး ဖြစ်သည်။ ဦးဘသောင်းအိမ်၌ အိပ်ခန်းတစ်ခန်း စိုးပိုင် ထားကြသောကြောင့် အိမ်လခအတွက် ပူပင်သောက ကင်းသည်။ ထမင်းစားချိန် ကျရောက်နေလျှင် အခန်းတံခါးဖွင့်၍ စားပွဲ၌ ဆင်းစား ကြရန် အဆင်သင့်ရှိနေ၏။ အဝတ်အစား၊ အခြားအသုံးအစွဲ စရိတ်များ အတွက် ယောက္ခမတိုက်ခန်း လခဝင်ငွေများ မှန်မှန်ရှိလေသည်။

အတွင်းဝန် ဦးဘသောင်းအိမ်ပေါ်၌ ခရီးဝေးမှ ခေတ္တတည်းခိုနေ သော ဧည့်သည်အချိုးအတိုင်း နေ့ရှိသရွေ့ ဧည့်သည်လုပ်နေကြလေ သည်။ အတွင်းဝန်ဦးဘသောင်းမှာ အိမ်ကပ်သူ မဟုတ်ချေ။ ရုံးနှင့် ကလပ်နှင့် အချိန်ကုန်သူ ဖြစ်သည်။

မူမူသည် ပြန်မှိန်းနေရင်း ညပွဲဝတ်ရန် သေတ္တာထဲမှ ထဘီများကို ရွေးချယ်စိတ်ကူးလျက် ရှိသည်။ ယခုတလော ညပွဲများ၌ အနက် ခေတ်စား၏။ ညပွဲတွင် အများအားဖြင့် မျက်နှာဖြူမများ အနက်ဝတ် ဆင်လာကြသည်။ မြန်မာမများလည်း အနက်ရောင်ဝတ်ကြကာ ခေတ်စားနေချေသည်။ အချို့မှာ ထဘီအနက်၊ အင်္ကျီအနက်ပါ ချုပ် ဝတ်နေကြပြီ။ မူမူသည် အင်္ကျီလုံချည်အနက် ဝတ်ချင်လျက် တစ်ခု သော အကြောင်းကြောင့် အောင့်နေရသည်။ အနက်ထဲ၌ မည်းညစ်ညစ်

mgyoe.com

ဖြစ်သွားမည့် ညိုပြာသောအသားကို ငဲ့နေရသည်။

သေတ္တာထဲ၌ရှိသော ထဘီများအနက် ကုလားပြည်မှ လူကြုံနှင့် မှာလိုက်သော ဆာရီအနက်တော့ စိတ်ပျက်သည်။ ဆာရီထဘီအနက်မှာ ပွဲအပေါင်းပေါင်း နွှဲခဲ့ပြီး၍ အထပ်ထပ် ထပ်နေချေပြီ။ ရွှေခက် ငွေခက်များ နွယ်ထားသော အဝါနုနုကလေးကို ဝတ်သွားရန် စိတ်ကူး ကြည့်ပြန်သည်။ သည်ထဘီမှာ မင်္ဂလာဆောင်ပွဲထိုင်သာ ရွေးဝတ်ခဲ့ သည်။ အကြိမ်အရေအတွက် သိပ်မထပ်သေးပေ။ ဝါနုနုကလေးကို ဝတ်သွားမည်ဟု စိတ်ကူးကာမှ ထဘီကအောက်မှ ခံဝတ်ရမည့် အတွင်းခံ ပိတ်ထဘီက တစ်မှောင့် ဝင်နှောက်နေပြန်သည်။

မူမူသည် အဝတ်လျှော်ရန် သူ့လက်ကလေးများ ပုံပျက်သွားမှာ စိုးပူသည်။ မူမူ၏ လက်ချောင်းကလေးများမှာ ခုံပေါ်၌ ချလိုက်လျှင် ကျောက်စရစ်ခဲကလေးများ ခုံပေါ်တွင် ပုံချလိုက်က ထွက်လာမည့် အသံကဲ့သို့ပင် "ဂျလောက်"ဟု မြည်ထွက်သွားတတ်လေသည်။ လက်သည်းခွံများကို လက်ဆစ်တစ်ဆစ်ခန့် ကာလအတန်ကြာ ဖွဲ့နပဲ နှင့် အရှည်ကြီး မွေးထားကာ ဆေးနီရဲရဲကြီး ဆိုးထားလေသည်။

အတွင်းခံပိတ်ထဘီသည် အောက်က ခံဝတ်ထားသော အဝတ် ဖြစ်၍ ဖြူဖြူမည်းမည်း လူမမြင်ဟု ချုပ်ကတည်းက မလျှော်မဖွပ်ဘဲ ဝတ်ခဲ့ သည်မှာ ငါးလလောက်ရှိတော့မည်။

တစ်ခါတုန်းက ခုတင်ခြေရင်းတွင် ပိတ်ထဘီကို ကွင်းလုံးပုံချွတ် ထားခဲ့စဉ် ဘိလပ်ပြန် ကိုဘမောင်သည် ညစ်မည်းနေသော ပိတ်ထဘီ ကို အဝတ်ဟောင်းတစ်ခု အမှတ်ဖြင့် နောက်ပိတ်ဖိနပ် ပွတ်သုတ်သွား ခြင်းကြောင့် ဟောင်းရာမှ ပိုညစ်သွားသည်။

မူမူသည် ပဝါသားကဲ့သို့ ခပ်ပါးပါး ရွှေထဘီပျော့အောက်၌ ညစ် ထပ်ထပ် ပိတ်ထဘီကို ထပ်ခံစိတ်ကူးကြည့်ရာတွင် ဝါနုနုရွှေထဘီမှာ

mgyoe.com

mgyoe.com

ခဲသားရောင် ပြောင်းသွားလျက် ညိုညစ်ညစ်ဖြစ်နေကာ အဟောင်းနှင့် တူနေတော့သည်။ ခုနေထလျှော်လည်း ညပွဲအမီ ခြောက်နိုင်မည်မဟုတ်၍ ပိတ်ထဘီဟောင်းနှင့် ခံဝတ်၍ ဖြစ်မည့် ထဘီများကိုရွေးရ၊ စိတ်ကူးရ ပြန်လေသည်။

ဟိုတစ်ထည်လည်းမကြိုက်၊ သည်တစ်ထည်လည်း နေရာမကျ။ တစ်ထည်ပြီးတစ်ထည် စိတ်ကူးဖြင့် ရွေးရာကြည့်သည်ပင် အမော သား၊ တစ်ထည်စီတစ်ထည်စီရွေးရင်း ရင်ထဲ၌ ကျပ်ချင်ချင်သလို၊ ခေါင်းသည်လည်း အုံတုံတုံ၊ နားထင်ထဲသွေးရောက်လာကာ တစ်ထည်မှ စိတ်တိုင်းမကျချေ။

မူမူနှင့်ကျောချင်းကပ်လျက် တခေါခေါဟောက်နေသော ကိုဘမောင်၏အသံကြီးမှာ အာခေါင်တွင်ကပ်၍ လျှာလိပ်ဟောက်နေခြင်းကြောင့် လတ်တလော နားထင်ထဲသွေးရောက်လာသော ဝေဒနာကို တိုးလာစေသည်။ လျှာနှင့်လိပ်ထွက်နေသော အပြင်းအထန်ဟောက်သံကြီးသည် နားကျိန်းလာသည်။ မူမူသည် ကိုဘမောင်၏ ခါးကို တံတောင်နှင့် သုံးလေးချက်ဆောင့်တွက်ပစ်လိုက်သည်။

ကိုဘမောင်၏ ဟောက်သံသည် တုံ့ဆိုင်းသွားသည်။ အင်. . . ဆိုသော အသံကြီးကို ကြာရှည်ဆွဲကာ လေးတွဲ့တွဲ့ညစ်ထုတ်လျက် ပက်လက်လန်လှန်လိုက်သည်။

မကြာခင်သော အချိန်ကာလ အပိုင်းအခြားအတွင်း ကိုဘမောင်သည် တစ်ဖက်သို့ ပြန်စောင်းသွားကာ ဟောက်သံကြီး ပေါ်ထွက်လာပြန်သည်။

မူမူသည် အိပ်ရာမှ ငေါက်ခနဲထလိုက်သည်။ ကိုဘမောင်၏ လက် ပြင်ကြီးကို လက်သီးနှင့်ထုပစ်ခဲ့ကာ စိတ်နှင့်မာန်နှင့် ခုတင်ပေါ်မှ ဆင်းလိုက်လေသည်။

mgyoe.com

mgyoe.com


ကြမ်းပြင်ပေါ်၌ အမှုန့်များပက်ဖြူးထားသကဲ့သို့ ဖုံနေသော ဖုန်တို့သည် ဒေါနှင့်မောနှင့် နင်းသွားသော ခြေရာတွေကို ပုံကျကျ တသီကြီး ဖော်ပြကြလေသည်။

မူမူသည် ခုတင်ခြေရင်းရှိ မှန်ခုံရှေ့၌ရပ်ကာ မှန်ထဲကြည့်လိုက်သည်။ မှန်သားပေါ်၌ အကွက်များ အစက်များဖြင့် ရှုပ်ရောမှေးမှိန်နေသဖြင့် အားမရ၍ မျက်နှာနှင့် မှန်နှင့် ကပ်ကာ အားပြု၍ ကြည့်ရလေသည်။

နေ့လယ်တစ်ရေးဝဝကြီး အိပ်ထားသောကြောင့် မျက်ခွံကလေးသည် မို့နေသည့်အတွက် ကျေနပ်သွားသည်။ မျက်ခွံအထက်က မျက်ခုံးနှစ်ဖက်မှာ တင်ထားသလို တန်းသွယ်လျက်ရှိ၏။ အရင်းတုတ်တုတ်၊ အဖျားသွယ်သွယ်၊ မပါးမထူရှိအောင် ဂရုစိုက်လျက်နေ့စဉ်နှင့်အမျှ ပြုပြင်ပေးသည်။ မျက်ခုံးကို ပုံကျမကျ စစ်ဆေးကြည့်နေရင်း ကျောင်းနေဖက် မေဂျာဖေသက်ကို သွားသတိရသည်။ မေဂျာဖေသက်မှာ နိုင်ငံခြားသွားမည်ဖြစ်၍ အကယ်၍ ညပွဲ၌ ဆုံမိကြလျှင်မျက်တောင်မွေးကြီးများ အထက်သို့ ကော့မတင်ပေးနိုင်သော ကိရိယာတန်ဆာပလာများ မှာလိုက်ဖို့ရာ သတိထားလိုက်လေသည်။

မူမူသည် မှန်ပေါက်ထွက်မတတ် မျက်နှာနှင့်မှန် အပ်ထားလျက်စင်းကျနေသောနှာတံကလေးကို သုံးလေးခါက်မျှ တည့်တည့်၊ ဘေးစောင်းလုပ်ကြည့်နေသည်။ သုံးလေးခါက်စလုံး အားရနှစ်သိမ့်သွားလေ၏။

ကောလိပ်ကျောင်းသား၌ အမည်မသိသောသူများက မူမူကိုနှာတံ ပေါ်ပေါ်နှင့်ဟု ဝိသေသ အထူးအမှတ်အသားပြုပြောကြတာဘယ်တော့များမှမမေ့၊ မှန်ကြည့်တိုင်း အမှတ်ရရှိသည်။

ကျောင်းထွက်မှ အိမ်တွင် နေ့ရှိသရွေ့ စားပြီးအိပ်၊ အိပ်ပြီးစား

mgyoe.com

mgyoe.com


ရှိနေရ၍ ပုံပန်းပျက်ကာ အလွန်ဆူဖြိုးသော ကိုယ်လုံးကိုယ်ထည်ကြီးကို နည်းနည်းလေးမှ စိတ်တိုင်းမကျသည်မှတစ်ပါး ဘယ်တော့ကြည့်ကြည့် လှနေသောမျက်နှာ၏ အလှကို အားအထားဆုံး ဖြစ်ပေသည်။

မူမူ၏ အကြည့်သည် မျက်ခုံး၊ မျက်လုံး၊ နှာတံမှ ဆင်းလာခဲ့ကာ နှုတ်ခမ်းပေါ်တွင် ဝဲနေလေ၏။ မူမူသည် နှုတ်ခမ်းကလေးကို စိမ်ပြေနပြေကြည့်နေရာက ခုတင်ဘေး၌ရှိသော စားပွဲခုံဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

စားပွဲခုံပေါ်၌ ကိုဘမောင်၏ အမှုတွဲများမှာ အနေ့နေ့ အရက်ရက်ကအတိုင်း ဖရိုဖရဲ ပုံယိုင်လျက် ရှိနေ၏။ ကိုဘမောင်၏ ဆေးပြင်းလိပ်တိုများနှင့် ပြာပုံသည်လည်း ပြန့်ကျဲလျက် ရှိနေ၏။ မနေ့ညက အိပ်ရာဝင်ခါနီး စားထားကြသော မြေပဲလှော်ခွံများမှာ ခုံပေါ်၌ ပွမွလျက် မနေ့ညက ပုံအတိုင်းပင် ရှိသည်။ ပုရွက်ဆိတ်များသည် မြေပဲခွံတွေထဲ၌ တပျော်တပါးကြီး အုံဖွဲ့ပြေးလွှားနေကြရင်း တစ်နေရာ၌ရှိသော ကွမ်းယာထုပ်ထဲသို့ လမ်းမှားရောက်သွားကြရာမှ တသီတတန်းကြီး ပြန်ပြေးထွက်ကြလျက် နှုတ်ခမ်းပြတ်သတ်နေသည့် နှီးခွက်စုတ်တင်ထားသော ရေတကောင်းအိုးပေါ်တွင် ကြောင်လိမ်လှေကား တက်ကြသလို ကွေ့ပတ်ပြေးတက်နေကြလေသည်။ ရေခွက်ထဲ၌ တစ်ဝက်ခွေနေသော စံပယ်ကုံးသည် ညှိုးဝါနေကာ တစ်ဝက်မှာ ရေတကောင်းပေါ်သို့ ကြိုးစတန်းလန်းနှင့် တွဲလောင်းကျလျက် ရှိသည်။

ဘားမားစတား၊ တိုင်းရင်းမေ၊ စုံထောက်ဝတ္ထု၊ ဟောလီးဝုဒ် ရုပ်ရှင်စာစောင်များမှာ နှစ်နင့်ချီ၍ ခုံပေါ်၌ ဖုတ်လူးနေကြလေသတည်း။

မူမူသည် စားပွဲခုံသို့ လှည့်ကြည့်လိုက်သည့်အခါ ခုံပေါ်၌ မြင်မကောင်းအောင် စုပေါင်းနေသော ဤအရာတွေကို မမြင်လေသည်

mgyoe.com

mgyoe.com

မြင်လေသည် မဆိုနိုင်။ မက်(စ်)ဖက်တာ ကုမ္ပဏီမှ လက်ဆောင်ပေး၍ စားပွဲပေါ်၌ ထောင်ထားသော ရုပ်ရှင်မင်းသမီးဂျက်နက်လေး၏ ပုံကားကို ကွင်းကြည့်လိုက်သည်။

နှုတ်ခမ်း ရဲရဲဆိုးထားသော ရုပ်ရှင်မင်းသမီး ဂျက်နက်လေး၏ နှုတ်ခမ်းလေးကို စိုက်ပြီးကြည့်လျက် သူ့နှုတ်ခမ်းလေးနှင့် ဆင်မဆင်၊ တူမတူ မှန်ထဲထည့်ပြီး ကြည့်နေသည်။ အပေါ်နှုတ်ခမ်းသည် ခလယ်၌ချိုင့်ကာ အထက်သို့ ခုံးမို့ပြီးမှ ကျသွယ်ရှူးလျက် အောက်နှုတ်ခမ်းသည် ပွင့်အာလန်ကျနေသော နှင်းဆီပန်းနှင့် တူရမည်ဖြစ်သည်။

ဘာပြောပြော မျက်နှာပဲ စိတ်တိုင်းကျသည်။ မျက်နှာပဲ ကျေနပ်သည်။ သည်မျက်နှာပိုင်ရှင်မျိုးသည် ဘာမျှ အရေးထားစရာ မဟုတ်၊ ဘယ်လိုနေနေ ဘယ်လိုဝတ်ဝတ် လှသည် ချောသည်ပင် ဖြစ်ရမည်ဟု စိတ်ချယုံကြည်လိုက်သည်။

မူမူသည် မှန်ဝအောင်ကြည့်ပြီး နဖူးပေါ်၌ ကောက်လိပ်ကျနေသော ဆံနွယ် မထိရသည့် လှိုင်းဆံပင်ကို ကောက်သည်ထက် ကောက်လိမ်စေရန် ရေမချိုးခင် ဝိုင်ယာကြိုးနှင့် လိပ်ထားဖို့အတွက် ဝိုင်ယာကြိုးလိုက်ရှာလေ၏။ မှန်ခုံမှာ ရှေးရှေးကပုံစံ ဘဲဥသဏ္ဌာန်မှန်တွင် သစ်သားပန်းပွင့်များဖြင့် ထွင်းကပ်ထားသည်။ ဆွဲအံအသေးလေး နှစ်ခု မှန်အောက်၌ ရှိ၏။ ဆွဲအံကလေးနှစ်ခုကို ဖွင့်ရှာရာတွင် အထဲ၌ ပစ္စည်းများ ပြည့်ကျပ်နေလေ၏။ ပြည့်နေသော ပစ္စည်းများမှာ ဘာတွေမှန်း ကျကျနန မမှတ်မိ။ တစ်ခါမှလည်း မရှင်းမကြည့်၍ ဘာတွေမှန်း သေသေချာချာ မပြောနိုင်ချေ။ ဓာတ်မီးခဲကြိုး၊ ဝိုင်ယာကြိုးသာ အတွင်ရှာသည်။ အထက်အံဆွဲငယ်လေး နှစ်ဖက်၌ မတွေ့၍ ခုံအောက်က အံဆွဲကြီးကို ဆွဲဖွင့်လိုက်သည်။

အံဆွဲထဲ၌ စိတ်ရှိလက်ရှိ မွှေရှာပစ်လိုက်ရာ ကိုဘမောင်၏ အပေါ်

mgyoe.com

mgyoe.com


အင်္ကျီ၊ ရှပ်အင်္ကျီ၊ စွပ်ကျယ်၊ ပုဆိုးစသော အဝတ်အထည်များမှာ မူမူ၏ ပန်းရောင်ကြိုးသိုင်း ခုံမြင့်ဖိနပ်နှင့် လိပ်ထွေးလုံးပတ် ရှုပ်ပွသွားလေသည်။

အောက်အံဆွဲကို ဖွင့်ရှာပြန်သည်။ ချည်ထဘီ၊ ပိုးထဘီ၊ ထဘီတစ်ပတ်ရစ်တွေ ထိုးသိပ်ထည့်ထား၍ အံဆွဲနှင့် ညပ်နေသည်။ အံဆွဲမှာ တော်တော်နှင့် ဖွင့်မရ၊ အားထုတ်ပြီး ဆောင့်ဆွဲဖွင့်တော့မှ ပွင့်တော့၍ ချွေးကျလာသည်။

ဆံပင်လိပ်ရန် ဝိုင်ယာကြိုးကို အပူတပြင်း လိုက်ရှာတော့မှ အံဆွဲထဲ၌ ယခင်လက မသန့်ရှင်းသောထဘီများ မလျှော်ရသေးဘဲ ခေါက်ထိုးထည့်ထားတာ သွားတွေ့မိသည်။ တစ်နေ့မှပဲ တစ်နေ့မှပဲဟု လျှော်ရန် စိတ်မှတ်ထားလိုက်သည်။ အံဆွဲတစ်ခုလုံး မွှေဖွကြည့်သော်လည်း ဝါယာကြိုးကို မတွေ့သဖြင့် စိတ်အိုက်အိုက်နှင့် ပြန်ဆောင့်ပိတ်ပစ်လိုက်သည်။

မှန်ခုံပေါ်၌ ရှိရှိသမျှ ဘူးခွက်တို့ကို ဖွင့်မှောက်ရှာသည်။ ရေမွှေး၊ ပေါင်ဒါ၊ ခေါင်းလိမ်းဆီ၊ မိတ်ကပ် စသော မက်(စ်)ဖက်တာများ ခုံပေါ်၌ ရှုပ်ယှက်ခတ်သွားတော့မှ ဝိုင်ယာကြိုး ဘယ်မှာရှိမှန်း သတိရလေသည်။ မူမူသည် ခေါင်းအုံးအောက်၌ ပြေးယူလေသည်။

ကိုဘမောင်သည် ဒုန်းဒိုင်း အသံဗလံများကြောင့် နိုးသွားလေသည်။ မူမူသည် ဝိုင်ယာကြိုးယူရန် ခေါင်းအုံးကို မ ဖယ်ပစ်လိုက်ရာ ကိုဘမောင်၏ မျက်နှာပေါ်သို့ အုပ်ကျသွားသည်။

"ဟော့ . . . ဘာလုပ်နေတာလဲကွ"

ကိုဘမောင်သည် မျက်နှာပေါ်ကျလာသော ခေါင်းအုံးကို ခြေရင်းဘက်သို့ ပစ်လိုက်ပြီးနောက် အာလေးလျှာလေးသံကြီးနှင့် မေးလိုက်သည်။

mgyoe.com

mgyoe.com


"ထလေ ကိုရဲ့၊ ငါးနာရီထိုးတော့မယ်။ ညပါတီသွားရမှာ"

ကိုဘမောင်မှာ အိပ်ရေးမဝသေးချေ။ ညနေခြောက်နာရီမှထကာ ရေချိုးအဝတ်လဲလည်း မူမူ့ကို သူက စောင့်ရဦးမှာ မြင်ယောင်သေး တော့၍ မထဘဲ ပြန်မှိန်း အိပ်ပြန်လေသည်။

မူမူသည် ရှေ့၌ကျနေရမည့် လှိုင်းဆံပင်ကို ဝိုင်ယာကြိုးနှင့် ညှပ်၍ ပူးလိပ်လိုက်ကာ နဖူးထိပ်၌ ကွေးစုထားလိုက်ပြီးနောက် ဆံပင်ကို ခပ်မြင့်မြင့်ဖြီး၍ လိပ်ခွေထုံးထားလိုက်လေ၏။ ခေါင်းဖြီးပြီး၍ အင်္ကျီ များချွတ်ကာ ထဘီရင်လျားလေ၏။

ရေမချိုးဘဲ ညပွဲဝတ်သွားမည့် အင်္ကျီထဘီများကို အသင့်ထုတ် ထားရန် ရှိသေး၍ ခုတင်အောက်က သားရေသေတ္တာကြီးကို ဆွဲထုတ်ယူ လေသည်။ သားရေသေတ္တာအဖုံးပေါ်၌ လက်တစ်လုံးလောက် ဖုန်တက် နေပုံမှာ ပေါင်မုန့်ပေါ်၌ ထောပတ်ထူထူ သုတ်ထားသကဲ့သို့ရှိ၍ မဖွင့်ခင် ဝူးခနဲမှုတ်ပြီးမှ ဖွင့်သည်။

အောက်က ခံဝတ်ရမည့် ပိတ်ထဘီညစ်မည်းမည်းမပေါ်နိုင်မည့် နီညိုရောင် တရုတ်ဖဲလုံချည်ကို ဆွဲထုတ်လိုက်သည်။ နီညိုရောင်လုံ ချည်နှင့်ဝတ်သွားမည့် နိုင်လွန်ပန်းရောင် အင်္ကျီလက်တို လည်ပင်း ထောင် ကော်လာကုပ်၌ ကြေးများပေနေသည်။

မူမူသည် နိုင်လွန်အင်္ကျီဝတ်ပြီး မလျှော်ဘဲ ပြန်ခေါက်ထားလိုက် လျှင် ပြန့်ပြီးသားကြောင့် ဘယ်နှခါ ခေါက်မိလေသည်ကိုပင် မမှတ် မိတော့ချေ။ ကုပ်က ကြေးကြောင်းကြီးများ မြင်မှပင် လျှော်ဖွပ်သင့်ပြီ ဟု ယူဆသည်။

အင်္ကျီလက်ရှည်ဝတ်လျှင် ပဝါချရမှာ ကြောက်သည်။ ပဝါချလျှင် အသက်ကြီးရုပ်ဆောင်သည်ဟု ထင်ထားသည်။ ညပွဲပဲ၊ မမြင်ပါဘူး ဟု လည်ကုပ်ကြေးပေပေ နိုင်လွန်လက်ပြတ်အင်္ကျီတွင် ကြယ်စေ့တပ်

mgyoe.com

mgyoe.com


လိုက်လေသည်။

သေတ္တာထဲ၌ ဘောကြယ်စေ့တပ်၊ ပုံကျကျဘော်လီအင်္ကျီကို ရှာမတွေ့ပြန်၍ စိတ်ရှုပ်သွားပြန်သည်။ နိုင်လွန်လက်တိုနှင့် ထဘီကို အိပ်ရာပေါ်သို့ ပစ်တင်လိုက်ပြီးနောက် သေတ္တာကို ခုတင်အောက်သို့ ပြန်တွန်းပို့လိုက်သည်။

မှန်ခုံအနီး၌ထားသော ဒိုဘီခြင်းမှာ မလျှော်ရသေးသော အဝတ်များနှင့်လျှော်ပြီးသား မီးပူမတိုက်ရ၊ မခေါက်ရသေးသောအဝတ်များ စုပေါင်းလုံးထွေး သိပ်ထည့်သိမ်းထားရာ အဝတ်ခြင်းဖြစ်၏။ ဒိုဘီခြင်းထဲ၌ ဘောကြယ်စေ့တပ် ဇာဘော်လီအင်္ကျီကို အဟောင်းတွေ့မလား၊ လျှော်ပြီးသားတွေ့မလား မသေချာ၍ ခေါင်းကြီးကြီးဖြင့် တစ်ထည်ပြီး တစ်ထည် ဆွဲဖွရှာနေလေ၏။

ကိုဘမောင်မှာ ထဘီနှင့် မျက်နှာသုတ်ပဝါ လုံးထွေးနေလျှင်လည်း ပြောသည့်လူစားမျိုး မဟုတ်ချေ။ လူအေးမှ တကယ့်လူ့ရေခဲတုံးကြီးဖြစ်သည်။ မကြာသေးမီက လသာဆောင်ဝရန်တာ၌ မူမူ၏ ထဘီရေစိုတစ်ထည် လွှားလှန်းထားရာ အတွင်းဝန်အိမ် မျက်နှာစာ ဝရန်တာ၌ ထဘီလှန်းထားတာ လူမြင်မတော်လွန်းသဖြင့် ကိုယ်တိုင်ရုပ်လျက် ခုတင်ခြေရင်း၌ ပြောင်းလှန်းပေးလိုက်သည်။

တံမြက်စည်း မကိုင်ချင်သော တက္ကသိုလ်ကျောင်းသူနှင့် လက်ထပ်ပြီးသည့်နောက်၌ အိမ်ထဲ၌ ဖုတ်ထ၍ ဖုတ်ထူထူ သဲရှုပ်ရှုပ်ဖြင့် နေသားကျနေလေ၏။ ဦးလေးအိမ်သို့ ပြောင်းခဲ့ပြီးနောက် ဖုတ်တသောသောတက်နေသောအခန်းကို ဦးလေးအတွင်းဝန် မြင်သွားမှာ စိုးရိမ်စိတ်နှင့် အခန်းတံခါးအမြဲစောင့်ပိတ်ရာ၌ မပေါ့မလျော့ ဂရုစိုက်သည်။

ကိုဘမောင်သည် မယ်တက္ကသိုလ်ဘွဲ့ရ မိန်းမချောမိန်းမလှရခဲ့ပြီးနောက် အိမ်ထောင်ရေးကဏ္ဍ၌ သူ၏စိတ်ကြိုက်သည် ပြီးဆုံးတိုင်သွား၏။

mgyoe.com

mgyoe.com


မူမူမှာ ကိုဘမောင်အား သူ၏အလှဘွဲ့ကို ပေးအပ်ခြင်းဖြင့် အိမ်ထောင်ရေးတွင် တာဝန်ပြီးဆုံးတိုင်ထားလေသည်။

မူမူသည် အဝတ်ခြင်းထဲ၌ ဘေးကြယ်စေ့တပ် ဘော်လီကို ရှာရာ၌ လျှော်ပြီးသားတွေ့သည်။ ဘော်လီအင်္ကျီမှာ မီးပူမတိုက်ရသေးသဖြင့် တွန့်ကြေနေလေသည်။ အင်္ကျီကို မွေ့ရာပေါ်၌ ဖြန့်ကာ တွန့်ကြေသောနေရာများ၌ လက်ဖနောင့်နှင့် ဖိပွတ်တိုက်ဖြန့်သည်။ ဘော်လီလက်ကြိုး သေးလေးမှာ မပြန့်လှ၍ ဆွဲဖြောင့်ကာ ဆေးဆိုးထားသော လက်မလက်သည်းခွံရှည်ကြီးဖြင့် ကြိုးစပြန့်အောင် ဆွဲခြစ်ဖြန့်ပေးသည်။ သုံးလေးကြိမ်လက်သည်းနှင့် ခြစ်ဆွဲရသေးသည် ဘော်လီကြိုးသည် အရင်းမှ ကြိုးစပြုတ်ထွက်သွားလေသည်။

အဲဒါမှခက်သည်။ မူမူ၌ အပ်နှင့်အပ်ချည်လုံးများ အဆင်သင့် မရှိချေ။ အိမ်၌ အပ်နှင့်အပ်ချည်လုံး မရှိမှန်းသိ၍ ဘယ်မှာမှမရှာတော့ဘဲ ပြုတ်ထွက်သွားသော ဘော်လီလက်ကြိုးကို ချိတ်ကလေးနှင့် တွယ်ချိတ်ဝတ်သွားရန် ပြီးစလွယ် စဉ်းစားကြည့်လိုက်သည်။ ချိတ် ဘယ်နေရာရှိမရှိ စဉ်းစားသည်။ ချိတ်ရှိမည့် နေရာကို သိပ်မစဉ်းစားရချေ၊ ဘယ်မှာရှိမှန်း ဒက်ခနဲ ခေါင်းထဲဝင်လာသည်။

ခုတင်၌ ထောင်ထားသော ဇာခြင်ထောင်ကြီး ပြဲနေ၍ ပြဲသည့်နေရာကို စုလုံးပြီး ချိတ်ကလေးနှင့် တွယ်ထားလေရာ ထိုချိတ်ကို ဖြုတ်ယူရန် ခုတင်မှ ခြင်ထောင်စကို ဆွဲချလိုက်လေ၏။

တစ်ရေးပြန်မှေးအိပ်နေသော ကိုဘမောင်သည်ခြင်ထောင်စနှင့် မျက်နှာနှင့် ခတ်သွားပြန်သဖြင့် နိုးသွားပြန်သည်။

"ဘာတွေ လုပ်နေတာလဲကွ"

မူမူသည် ခြင်ထောင်ထဲဝင်ကာ ကိုဘမောင်ကို ကျောပေးလျက် ချိတ်ဖြုတ်ယူရင်း ခြင်ထောင်ထဲ မျက်နှာဝင်လာသော ကိုဘမောင်ကို

mgyoe.com

mgyoe.com


လှည့်မကြည့်အားဘဲ–

"ကတဲမှပဲ၊ မထသေးဘူးလား"

ဟု စိတ်မရှည်သံဖြင့် ပြန်ပြောသည်။

ခြင်ထောင်ကို ပြန်မတင်တော့ဘဲ အိပ်ရာပေါ်မှ ထဘီအင်္ကျီများကို ခြင်ထောင်ပြင်ဘက်သို့ ထုတ်ယူခဲ့လျက် ဒိုဘီခြင်းပေါ်၌ ပုံချမလိုပြုပြီးမှ သတိရ၍ မချခင် ဖုတ်ကို တအားမှုတ်ပစ်သည်။ ဓာဘော်လီလက်ကြိုး၌ ချိတ်ကလေးတွယ်ကပ်လိုက်ပြီးနောက် ရေချိုးခန်းသို့ ပြေးဝင်သွားလေသည်။

ကိုဘမောင်သည် ပြန်မှိန်းနေရင်း ရေချိုးခန်းထဲမှ မူမူ၏တေးသံကို ကြားရလေသည်။

ရေချိုးရင်း အသံဝဲဝဲနှင့် မေးရိုက်ကာ ဆိုနေသော တေးသံသည် မြန်မာသီချင်း မဟုတ်ပေ။ "လန်ဒန်တံတား" ခေါ် အင်္ဂလိပ်တေးသီချင်းဖြစ်သည်။ မူမူသည် အင်္ဂလိပ်သီချင်းမှ ဆိုချင်သည်။ အင်္ဂလိပ်အကလည်း ကျောင်းထွက်မှ ကတတ်အောင် သင်ထားသည်။ ကပွဲသွားလျှင် ကိုဘမောင်မှာ ငုတ်တုတ်ကြီးထိုင်ကြည့်နေသည်။ မူမူသည် လူတစ်ယောက်နှင့်တွဲကနေတုန်း ငုတ်တုတ်ကြီးထိုင်လျက် သမ်းဝေနေတတ်သော ကိုဘမောင်ကို မေ့လျော့နေတတ်သည်။

ရေချိုးခန်းထဲ၌ အင်္ဂလိပ်သီချင်းများ သံဝဲသံတုန် သုံးလေးပိုဒ်သီချင်းဆိုပြီးလျှင် ရေချိုးခြင်းကိစ္စ ပြီးသွားလေ၏။

ညနေ ခြောက်နာရီခွဲလောက်တွင် မူမူ၏ မျက်နှာသည် ပန်းရောင်သွေးတက်လာလေပြီ။ မျက်ခုံးတို့သည် မည်းသွယ်နေချေပြီ။ နှုတ်ခမ်းလေးသည် အင်္ဂလိပ်ရုပ်ရှင်မင်းသမီး ဂျက်နက်လေး နှုတ်ခမ်းကဲ့သို့ တစ်ပုံစံတည်း ရဲရဲနီသွားချေပြီ။ လှိုင်းဆံယဉ်တို့သည် နဖူးပေါ်၌ တွန့်လိမ်ကောက်ကွေးလာကြသည်။ မှန်ခုံတိုင်၌ ညှပ်သွင်းထားသော

mgyoe.com

mgyoe.com


ကတ္တီပါပန်းပွင့်နီနီကြီးကို ဖြုတ်ယူလျက် ဆံထုံးဘေး၌ ပန်လိုက်လေ၏။

ကိုဘမောင်သည် မူမူသနပ်ခါးလိမ်းပြီးစဥ်က အိပ်ရာကထကာ ရေချိုး ခန်းသို့ ဝင်သွားသည်။ မူမူ အဝတ်အစားလဲနေတုန်း အောက်ထပ်သို့ ရောက်သွားပေပြီ။ ကိုဘမောင်သည် အပေါ်အင်္ကျီအဖြူ၊ ခဲရောင် ဘန်ကောက်လုံချည် ဝတ်ဆင်ခဲ့လျက် မူမူကို ထိုင်စောင့်ရင်း စားပွဲပေါ်မှ သတင်းစာကို ဆွဲဖတ်နေလေ၏။

× × ×

၂

သံရုံးရှေ့၌ လမ်းနှစ်ဖက်တွင် ကားများပိတ်ရပ်လျက်ရှိနေ၏။ သံရုံးအဝ၌ ကားကြီးတွေ များများမြင်လိုက်၍ "တော်တော် လူစုံမယ့်ပွဲပဲ"ဟု မူမူက ပြောလိုက်သည်။

သံရုံးထဲ ကားဝင်၍ ကားပေါ်မှ ဆင်းကြလျှင် စောင့်ရပ်ကြိုနေသော သံတမန်နှင့် သံတမန်ကတော်တို့က ဧည့်သည်တို့အား တစ်ဦးစီ လက်ဆွဲနှုတ်ဆက်လေ၏။

အဝင်ဝနှင့် မလှမ်းမကမ်းရှိ မြက်ခင်းကြီးပေါ်၌ လူအုပ်ကြီးကို တွေ့ရသည်။ လူအုပ်ကြီးမှာ ဝတ်ကောင်းစားလှများ ဝတ်ဆင်လာကြလျက် ကိုယ့်အစုနှင့်ကိုယ် မတ်တတ်မတ်တတ်ဖြင့် ဝိုင်းဖွဲ့ရပ်နေကြသည်။ လူအုပ်ထဲ၌ အဖြူရောင်ဝတ်ဆင်ထားကြသော ဘွိုင်ကုလားများသည် ဘိလပ်ရည်ခွက်များ၊ အရက်ခွက်များ ဗန်းပေါ်၌တင်လျက် ကြိုက်ရာခွက်ကို လှမ်းယူသောက်ကြရန် စောင့်ရပ်ကမ်းနေကြ၏။

မူမူသည် ဒေါက်မြင့်ကြိုးသိုင်းဖိနပ်ပေါ်အောင် ထဘီစကိုပင့်

mgyoe.com

mgyoe.com


ဆွဲကာ အမေရိကန်ထဲက မာရီလင်မွန်ရိုး လျှောက်ပုံမျိုးအတိုင်း လိမ်ဖယ်ဖယ် လျှောက်ခဲ့လေ၏။

အင်ဒိုနီးရှား သံအရာရှိကတော်သည် ပါတိတ်ဆင်ထဘီဝတ်လျက် ငွေချည်ထိုးဇာပဝါ လက်လက် စိမ်းစိမ်းကလေးကို ကျော၌ သိုင်းပတ်ချထားလေ၏။ အင်ဒိုနီးရှားသံအရာရှိကတော်နား၌ ပါကစ္စတန်သံအရာရှိကတော် ရပ်နေသည်။ ပါကစ္စတန်သံအရာရှိကတော်မှာ အရွယ်သိပ်မကြီးသေး၊ အိန္ဒိယအမျိုးသမီးဝတ်စုံ ဆာရီကို ဝတ်ဆင်ထားသည်။ ပါကစ္စတန် သံအရာရှိကတော်အနီး ဆိုဗီယက် အမျိုးသမီးသုံးလေးဦး ရပ်နေသည်။ သူတို့သည် ပါးနီ၊ နှုတ်ခမ်းနီဖြင့် လှပသော ဂါဝန်ရှည်ကြီးများဝတ်ထားကာ အိန္ဒိယရွှေချည်ထိုး ဆာရီပဝါများ ခြုံထားကြသည်။ မူမူသည် ၎င်းတို့ဝိုင်းတွင် ရပ်မည်ဟု ကြံပြီးမှ တစ်ဝိုင်းသို့ မျက်စိရောက်သွားသည်။

ဗြိတိသျှသံရုံး၊ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးလျားစသော မျက်နှာဖြူအရာရှိကတော်ကြီးများ၏ ဝိုင်းဖြစ်သည်။

မျက်နှာဖြူကတော်များဝိုင်း၌ အမေရိကန်သံရုံးမှ အသိကိုမြင်လိုက်သည်။ မူမူ၏အသိ မျက်နှာဖြူမသည် ဖြူဖွေးသော ရင်ညွှန့်တစ်ခုလုံးဖော်ထားလျက် ပုလဲကပ် ဆွဲထားသည်။ ဂါဝန်အနက် အရှည်ကြီးမှာ မြက်ခင်းပေါ်၌ ဝဲနေသည်။ မူမူ့ကို လှမ်းပြုံးပြလိုက်သည်။

ဆံပင်အလိပ်များ ငယ်ထိပ်၌ အမို့မို့ ခွေလိပ်လျက် လည်ပင်း၌ ရွှေကြိုးမျှင်မျှင်လေးဆွဲထားကာ ဂါဝန်ရှည်အဖြူ ပိုးလက်စွပ်အိတ်အနက်ဖြင့် သူတို့ဝိုင်းထဲတွင် အရပ်အရှည်ဆုံး ပြင်သစ်အမျိုးသမီးကြီးသည် ရာသီဥတုအကြောင်းကို ပြောပြနေလေ၏။

မူမူသည် သူတို့ဝိုင်းထဲ ဝင်ရပ်လိုက်၏။ ဦးဘမောင်မှာ အသိများနှင့် တွေ့ဆုံရန် သောက်ဝိုင်းများ၌ လိုက်ရှာနေသည်။ မူမူသည် ဝိုင်းထဲ

mgyoe.com

mgyoe.com


ရပ်မိလျှင် မျက်နှာဖြူအမျိုးသမီးအားလုံးနှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။

နှုတ်ဆက်ပြီး ရာသီဥတုအကြောင်းပဲ လိုက်ရောပြောသည်။ စကား ပြောနေရင်း ဘေးချင်းကပ်ဝိုင်းမှ မြန်မာအမျိုးသမီးများဆီသို့ လှမ်း ကြည့်လေသည်။

မီးရောင်ထဲဝယ် မြန်မာအမျိုးသမီးဝိုင်းမှ ပဝါရောင်စုံဖြင့် ဣန္ဒြေရရ တွေ့ရ၍ ပဝါမချဘဲ လက်တိုအင်္ကျီနှင့် လာခဲ့တာ သိပ်မကောင်းလှဟု စဉ်းစားမိသည်။ လူအုပ်ထဲ၌ ကျောင်းနေဖက် မင်းကြီးကတော်ကို မြင်လိုက်၏။ မူမူသည် လှမ်းပြုံးလိုက်သည်။

မူမူသည် ရှမ်းပြည်နယ် ကလော၊ တောင်ကြီးမြို့များ၏ သာယာအေးမြသော ရာသီဥတုအကြောင်းကို ဘိုသံပါပါ တရွတ်ရွတ်ပြောရင်း ဘွိုင်ကုလား လာပေးသော ဗန်းထဲမှ ဝိုင်ခွက်ကလေးကို လှမ်းယူကာ နှုတ်ခမ်းနှင့် တေ့လိုက်လေသည်။

သံရုံးဝင်းထဲသို့ ကားကြီးများ တစ်စီးပြီးတစ်စီးဝင်လာကြပြီး ကားထဲမှ ဖိတ်အန်ကျလာသော ဝါနုနု ရွှေစက်ထဘီကလေးကို လှမ်း ကြည့်ရင်း ခွတိုက်လိုက်သော အတွင်းခံထဘီညစ်ကို သတိရမိသည်။

ကိုဘမောင်မှာ ဘယ်ဝိုင်းတွင် ရှိနေမယ်မသိ။ နိုင်ငံခြားသွားမည့် မေဂျာဖေသက်ကို လူအုပ်ထဲ၌ တွေ့လိုတွေ့ငြား ရှာကြည့်သေးသည်။ မတော်တဆ ချောင်းများဆိုးလာလျှင်အခက်ဟု ကျိတ်တွေးပူပန်ကာ ဝိုင်ခွက်ကိုမှောက်ချလိုက်ပြီးနောက် ဗန်းထဲ၌ထည့်ပေးလိုက်သည်။

အင်္ဂလိပ်စကားပြော၍ အားရမှ ကျောင်းနေဖက် မင်းကြီးကတော် ဝိုင်းသို့ ကူးသွားလေသည်။ မူမူ ဝင်ရပ်လိုက်လျှင် မင်းကြီးကတော် သည် ဝင်းမင်းသန်း အမေရိကအပြန် ဝန်ကြီးချုပ်ကတော်အတွက် လက်ဆောင်ယူလာသော အနွေးပဝါဖြူကြီး လှပကြောင်း ချီးကျူးပြော

mgyoe.com

နေသံကို နားစွန်နားဖျား ကြားလိုက်ရလေသည်။

မူမူမှာ ဟောလီးဝုဒ်က အမေရိကန်ဇာတ်လိုက် ဖြစ်ချင်နေသည်။ ခရမ်းရောင်လွင်ပြင်ကားအတွက် ဂရက်ဂရီပက် မင်းသားနှင့်တွဲရန် ရုပ်ရှင်မင်းသမီး လျှောက်ချင်သည်မှာ တစ်ပိုင်းသေနေလေသည်။

မင်းကြီးကတော်သည် မူမူကို ဝတ်လုံတော်ရ မစွက်ဘမောင် ကတော်ဟု အားလုံးနှင့် မိတ်ဆက်ပေးသည်။ မူမူမှာ ပဝါမချခဲ့မိ၍ ဝိုင်းထဲတွင် ရှိုးတိုးရှန့်တန့် ဖြစ်နေသည်။ မင်းကြီးကတော်နှင့် စကားကောင်းနေခိုက် မူမူ့နောက်မှ ကျောချင်းခိုင်း ရပ်နေသော အဒေါ်ကြီး တစ်ယောက်က ပခုံးလာကိုင်လိုက်သည်။ မူမူသည် လှည့်ကြည့်ကာ ပြုံးလျက် "အန်တီ မာရဲ့နော်"ဟု နှုတ်ဆက်ပြီး အန်တီဝိုင်းထဲသို့ ကိုယ်လှည့်ဝင်သွားသည်။

မူမူနှင့် မျက်နှာချင်းဆိုင် ရပ်နေသော အမျိုးသမီးသည် သူ့ဘေးရှိ ဝိသာခါ အမျိုးသမီးကြီးတစ်ဦးအား စိတ်ထက်သန်စွာ သူ့စကားကို ဆက်ပြောလျက်နေသည်။

"မျက်စိထဲမှာ အမြင်ကို မတော်ပါဘူး ဒေါ်ဒေါ်ရယ်။ ကျွန်မဖြင့် လူအများသွားလာနေတဲ့ ရုံးတွေ၊ မီးရထားတွေ၊ သင်္ဘောတွေမှာ အိမ်သာတွေ ဆေးကြောတဲ့ အလုပ်နဲ့ တံမြက်စည်းလှည်းတဲ့ အလုပ်ကို အမျိုးသမီးအလုပ်သမားနဲ့ စုပြီး လိုက်ဆေး လှည်းချင်တာပဲ။ လမ်း တံမြက်စည်းလှည်း၊ အိမ်သာတွေဆေးတဲ့ အလုပ်ကို အမျိုးသမီးတွေပဲ လုပ်ဖို့ကောင်းတယ်"

မူမူသည် သူ့ရှေ့က အမျိုးသမီးပြောနေသောစကားကို နားထောင်ရင်း လူမျိုးတစ်ရာ့တစ်ပါး သွားသော မိလ္လာအိမ်သာမျိုးများ လိုက်ဆေး ချင်သည်ဆိုသော အမျိုးသမီးကို ဘယ်သူများပါလိမ့်ဟု ရွံ့ရွံ့ရှာရှာ စိုက်ကြည့်သည်။ အမျိုးသမီးကိုယ်နှိုက်ခေတ်ဆန်ဆန်

mgyoe.com

ဖက်ရှင်ကျကျ ဖိတ်ဖိတ်လက်လက် ဝတ်ဆင်ထားလျက် သန့်ပြန့်သော အင်္ဂါရုပ်ရှိ၍ သူ့ရုပ်မှသူအားမနာ၊ သူ့စိတ်နှယ် အောက်တန်းကျလိုက်တာဟု အတော်အထင်အမြင်သေးသွားသည်။

မတ်တတ်မတ်တတ်နှင့် စုဝိုင်းလျက်ရှိကြသော လူအုပ်ကြီးသည် ကပွဲပြမည့်နေရာသို့ ရွေ့လျားသွားကြသည်။ ပွဲခင်းရှေ့ဆုံး၌ ကြိမ်ကုလားထိုင်များချခင်းလျက် ဝန်ကြီးများနှင့်ဝန်ကြီးကတော်များ ထိုင်ကြသည်။ နောက်တန်းများတွင် ဆန်းကဖီး ထင်းရှူးကုလားထိုင်ကလေးများ တန်းစီခင်းထားလေသည်။ မူမူသည် ပွဲခင်းသို့ လူအုပ်နှင့်ရောလျက် လျှောက်လိုက်လေသည်။

ယဉ်ကျေးမှုအဖွဲ့မှ ပွဲဦးထွက် တူရိယာပေါင်းစုံ တီးမှုတ်ပြသည်။ တယောသံမှာ စီမြည်လျက် သာယာညက်ညောလှသည်။ မူမူသည် နိုင်ငံခြားတီးမှုတ်သံဆို၍ ရော့အင်ရိုးအသံမျိုးသာ နားထဲ၌ စွဲလျက် အခြားတီးမှုတ်သံတွေကို နားသောတ မခံယူတတ်ချေ။ လူများစုတော အကတစ်မျိုးမှာ မျက်စိနောက်နေသည်။ ကချေသည်တို့၏ အဝတ်အစားသည် အမေရိကန်ဘဲလေးကပွဲလောက် မခမ်းနားဟု အောက်မေ့သည်။

ယဉ်ကျေးမှုအဖွဲ့မှ ဖြုန်းခနဲ မြန်မာသီချင်းတစ်ပုဒ် ကောက်တီးလိုက်သည်။ တေးဂီတသံထဲ၌ တယောသံမှာ ထူးထူးခြားခြား ညှုန့်နေလျက် စန္ဒရားခေါက်သံမှာ နိုင်နင်းစွာ ပီသလှလေသည်။

မူမူသည် တီးဝိုင်းမှ မြန်မာသီချင်း ကျကျနန တီးပြနေကြပုံကို အံ့အားသင့်သွားသည်။ အဆိုပါလျှင် ပိုမို၍ မြိုင်ဆိုင်စည်ကားဖွယ်ရာ ရှိမည်ဟု တိုးတိုးလိုက်ဆိုပေးမိသည်။

မြန်မာသီချင်းပြီးဆုံးသွား၍ မူမူသည် အများနှင့်ရောကာ စိတ်ရော ကိုယ်ပါ လက်ခုပ်တီးလိုက်မိရာ နောက်ကျောတွင် ချိတ်နှင့်တွယ်ခဲ့သော

mgyoe.com

ဘော်လီအင်္ကျီမှ ကြိုးသည် ပြုတ်ထွက်သွားလေသည်။

စောစောက မြေပဲဆားလှော်ပင် မစားဝံ့ဘဲ ချောင်းမဆိုးအောင် တစ်ချိန်လုံး သတိထားနေကာမှ လက်ခုပ်တီးလိုက်မိ၍ ပြုတ်မိအောင် ချိတ်ကပြုတ်ရသေးသည်။

မူမူသည် ထိတ်ခနဲဖြစ်ကာ အမှတ်တမဲ့ အင်္ကျီထဲလက်သွင်း၍ ဘော်လီကြိုးကို ကပျာကယာ ရှေ့သို့ ဆွဲယူချလိုက်သည်။ ချိတ်တွဲ လောင်းနှင့်ပါလာသော ကြိုးစမှာ လက်ပြင်ကို ဆွဲခြစ်လိုက်ပါလာ၍ ပခုံးတွန့်သွားလေသည်။ ကြိုးပြုတ်ထွက်သွားသောဘက်မှ အင်္ကျီသည် အထိန်းမရှိ၍ အောက်သို့ လျှော့ကျသွားရာ ရင်တစ်ပိုင်း ပေါ်နေလေ သည်။

မူမူသည် ရင်တလှပ်လှပ် ဖြစ်နေ၏။ ချက်ချင်း မျက်လုံးတွေပြာ လာသည်။ ကြိုးကို ကျော၌ပြန်ချိတ်ရန် မဖြစ်နိုင်သဖြင့် မသိမသာ ရင်ကိုငုံ့ကြည့်လျက် ခေါင်းကြီးလာလေ၏။ ကချေသည်ကလေးများ လိုက်ကာနောက်မှ ပြေးထွက်လာ၍ မီးမှိန်လိုက်မှပင် ရှေ့ဆွဲချလိုက်သော ကြိုးစဖျားမှချိတ်ကို စမ်းဖြုတ်ယူလိုက်သည်။ ကြိုးစကို လုံးထွေး၍ ကပျာကယာ ရင်ထဲသို့ ထိုးသွင်းထည့်လိုက်သည်။

မူမူမှာ နောက်ထပ် လက်ခုပ်မတီးရဲတော့ချေ။ အကြီးအကျယ် စိတ်အိုက်ကာ အနေရအထိုင်ရကျပ်လျက် ဘာတွေ ကဆိုနေကြမှန်း မသိချင်သလောက် စိတ်ပျက်နေသည်။

မူမူသည် အသက်ပင် ပြင်းပြင်းမရှူရဲတော့ဘဲ ချွေးကျလာသည်။ ပဝါမချခဲ့မိသည့်အတွက် နောင်တကြီးစွာ ဖြစ်သည်။ ပဝါသာချခဲ့လျှင် ရင်ဘတ်လူမမြင်အောင် ဖုံးပေးနိုင်သည်။ ဆူညံနေသော တေးသံတို့ သည် မူမူကို ဝိုင်းလှောင်နေကြသည်။ မူမူမှာ စိတ်ချောက်ချားလာ လေသည်။ ကချေသည်ကလေးတို့ ခုန်လိုက်ပေါက်လိုက်သည်ကို ရဲရဲ

mgyoe.com

mgyoe.com

မကြည့်ရဲရှာ။ နောက်ထပ်ကြိုးများ ထပ်ပြုတ်သွားဦးမလားလို့ အလိုလို စိတ်ထဲ၌ မလုံနိုင်အောင် ဖြစ်နေသည်။

မူမူသည် စိတ်မလုံ၍ ရင်ကို မသိမသာ ငုံ့ကြည့်ပြန်သည်။ တစ္ဆေသရဲ မြင်ရသကဲ့သို့ ကျောထဲ၌ စိမ့်တက်လျက် ခြေဖျား လက်ဖျားများ အေးစက်သွားလေသည်။

မူမူ၏စိတ်သည် တစ်ချိန်လုံး အင်မတန်မှ ပင်ပန်းဆင်းရဲလျက် ရှိနေလေ၏။ ပွဲအပြီးထကြ၍ လူတွေမြင်တော့မှာ မတွေးဝံ့ဝံ့၊ လှိုက်ဖို နေရှာပေသည်။

"ငါ့အပြစ် . . . ငါ့အပြစ်၊ အပ်နဲ့အပ်ချည်သာ အိမ်မှာ ဆောင်ထားရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ငါ့ကိုက အင်မတန် ပေါ့ပျက်ပျက်နိုင်ပါတယ်။ ဘာမဆို ပြီးလွယ်စေကြောင်း လုပ်လှိုက်ချင်တာချည်းပဲ၊ လုပ်ဦးလေ လုပ်ဦး၊ ကဲ. . . ."

မူမူသည် လက်ကလေးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် အံကြိတ်ပြီး သူ့ကိုယ်သူ ကျိတ်ပြီး ရန်တွေ့နေလေ၏။

မူမူသည် ဘော်လီအင်္ကျီ လက်ကြိုးကို လက်သည်းရှည်ကြီးနှင့် ဆွဲခြစ်ဖြန့်နေသော အိပ်ခန်းထဲက မူမူကို ပြန်ပြောင်း၍ မြင်မိလေသည်။ အိပ်ခန်းထဲ၌ မူမူသည် ယောက်ယက်ခတ်နေလေ၏။ ဝိုင်ယာကြိုး လိုက်ရှာရ၊ ဘော်လီလိုက်ရှာရ၊ ခြင်ထောင်ချပြီး ချိတ်ဖြုတ်ရ။

မူမူသည် သူ့ရှေ့၌ ပြနေသော ယဉ်ကျေးမှုကပွဲအစား အခန်းထဲ၌ ပြောင်းဆန်အောင်ဖွကာ ဗရုတ်သုတ်ခ ဖြစ်နေသော မူမူ၏ ပုံသဏ္ဌာန်နှင့် လုပ်ပုံကိုင်ပုံများကို ပြန်မြင်နေ၏။

နေ့စဉ် နေခဲ့သော ဖုတ်အလိပ်လိပ်တက်နေသော အိမ်ခန်းကြီးကို ယခင်က မမြင်မိခဲ့ဘဲ ပွဲထဲကျမှ ရှုပ်ယှက်ခတ်ကာ ဖုတ်လူးနေသော အိပ်ခန်းကြီးကိုပါ မြင်မိတော့သည်။

mgyoe.com

mgyoe.com


မူမူသည် လူပေါင်းစုံသွားသည့် အိမ်သာတွေ လိုက်ဆေးကြော ပေးချင်သည်ဆိုသော အမျိုးသမီးကို ဖျတ်ခနဲ သတိရကာ ရှေ့နှစ်တန်း သုံးတန်းအကျော်၌ ထိုင်ကြည့်နေသော အမျိုးသမီး၏ ကျောပိုင်းကို လှမ်းကြည့်လိုက်သေးသည်။

"ငါ့လောက် ပစ်စလက်ခတ်နိုင်တဲ့ မိန်းမ မရှိဘူး၊ လှည်းကျင်းပြီး သန့်သန့်ပြန့်ပြန့် စည်းနဲ့ကမ်းနဲ့ နေချင်ထိုင်ချင်တဲ့ စိတ်မျိုးလည်း တစ်စက်မှ မရှိဘူး။ အားအားရှိ ကျောဆန့်ချင်တာပဲ။ လပေါ်သရေ နေချင်တာပဲ။ ငါသာ မိန်းမ ပီပီသသစိတ်ရှိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

မူမူသည် ခုံတန်းရှေ့က အမျိုးသမီးကို စောစောကရှုံ့ရှာမိသည် ထက် သူ့ကိုယ်သူ အစစအရာရာ စိတ်ပျက်လျက် တစိမ့်စိမ့် ရှုံ့ရှာနေ တော့သည်။

ပွဲအပြီး လင်းထိန်လိုက်၍ လန့်ဖျပ်သွားကာ ဘော်လီကြိုး ပြုတ်သည့်ဘက်မှ ချိုင်းအောက်အင်္ကျီစကို အထက်မြှင့်တင်လိုက် သည်။ လုံးထွေးထည့်လိုက်သော ကြိုးစသည် တွဲလောင်းထွက်ကျ သွားသည်။

မူမူသည် လက်ပြင်ကိုင်းလျက် ကုလားထိုင်တန်းများမှ ဘေး စောင်းထွက်လာရင်း ကြိုးစပြုတ်သောလက်ကို လက်မောင်းလုံးကြီး နှင့် အားရှိသလောက် ကပ်ဖိထားလေသည်။

ကိုဘမောင်သည် အတွင်းဝန်ကလေးတစ်ယောက်နှင့် မီးတိုင် အောက်ရှိ မူမူ နားသို့ ရောက်လာသည်။ အတွင်းဝန်ကလေးသည် မူမူ အား ပြုံးနှုတ်ဆက်ကာ လူအုပ်ကြီးထဲ၌ သူ့မင်းကတော်ကို ရှာဖွေကြည့် နေလေသည်။

ကိုဘမောင်သည် မူမူ၏ ရင်ဘတ်ကိုကြည့်လိုက်မိကာ မျက်လုံး မျက်ဆန်ကြီး ပြူးသွားလေသည်။

"ဟော့ . . . မင်းအထဲက ဘော်လီကြိုးပြုတ်နေပြီ ကြိုးစကြီးလည်း

mgyoe.com

mgyoe.com

ကျလို့"

အထိတ်တလန့်ဖြင့် မူမူနားသို့ ခပ်တိုးတိုး ကပ်၍ ပြောလိုက်သော ကိုဘမောင်၏အသံကို အနားရှိအတွင်းဝန်မင်းကြားချင်လည်း ကြားပေလိမ့်မည်။

မူမူသည် ပူထူပြီး မျက်နှာပျက်ပျက်ဖြင့် နှုတ်ခမ်းလေးစူကာ မကြား တကြား ပြန်ပြောလိုက်သောအသံကို အနားရှိ အတွင်းဝန်မင်း ကြား ချင်လည်း ကြားပေလိမ့်မည်။

"ကိုကလည်း အမေရိကန်ရုပ်ရှင်မင်းသမီးတွေလည်း ဒီလိုပါပဲ။ တချို့ ကြိုးတောင်မပါဘူး"

မူမူသည် ဟန်လုပ်၍ ပြောမည့်သာပြောလိုက်ရသည်။ သူ့ခြေထောက်အောက်က မြေကြီးကို သူမမြင်၊ ရင်အုံတစ်ပိုင်းပေါ်နေသော သူ့ရင်ဘတ်သာ သူမြင်နေရသည်။

❑

mgyoe.com

mgyoe.com

# သံသရာဘေး

နေဝန်းသည် တဖြည်းဖြည်း မြင့်တက်လာသည်။ ရွှေရောင်ခြည် ဖျော့ဖျော့တို့သည် လမ်းပေါ်၌ ဖြာကျလျက်ရှိ၏။ မြစ်ပြင်မှ ဖြတ်သန်းလာသောလေမှာ နွေး၍ တသုန်သုန် တညင်းညင်း တိုက်ခတ်လျက်ရှိနေသည်။ အဝတ်အစား အရောင်မျိုးစုံ ဝတ်ထားသည့် ကလေးများသည် လမ်းတစ်လျှောက်၌ တသီတတန်းကြီး မြင်တွေ့နေရသော ပစ္စည်းများကို ဝိုင်းအုံလိုက်ကြည့်လျက် ဆူညံပြေးလွှားဆော့ကစားနေကြလေသည်။

လမ်းထိပ်ကစ၍ လမ်းတစ်လျှောက်လုံး လမ်းဘေးတွင် စားပွဲခုံများ ခင်းကျင်းထားကြသည်။ စားပွဲပေါ်၌ ဖယောင်းတိုင်၊ ဆပ်ပြာ ထုပ်၊ ငါးသေတ္တာဘူး၊ ရေခွက်၊ ရေဖလား၊ ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်၊ ပုစွန်ခြောက် စသော ပစ္စည်းမျိုးစုံ ပုံခင်းဖြန့်တင်ထားကြသည်။

ဆွမ်းဆန်စိမ်းလောင်းပွဲကြီးကို မော်လမြိုင်ကျွန်းမြို့၌ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲ ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့ကလေးမှာ မြို့ပိုင်ရုံးစိုက်လျက် အေးချမ်းသာယာသော မြို့ကလေးတစ်မြို့ဖြစ်သည်။ မြစ်တစ်ဖက်ကမ်းရှိ ဆန်စက်များဆီမှ ဖွဲနံ့တို့သည် လေအဝေ့တွင်

mgyoe.com